The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 25, NO. 11 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 3, 2025




# ပြည်ပဈေးကွက် ရှာဖွေနေသည့် တိုင်းရင်းထွက် ပီလောပီနံ

စာမျက်နှာ - 10 ➤






## ရော်ဘာ တစ်ကေ ပေါင်တစ်ထောင်နှင့်အထက် ထွက်ရှိရေး စီမံချက်ရေးဆွဲ

စာမျက်နှာ - 10 ➤

## အရောင်အသွေး စုံလင်စွာဖြင့် ဈေးကွက်တွင်ကျယ်လာသည့် မွန်ရိုးရာ ဝတ်စုံများ

စာမျက်နှာ - 23 ➤

## ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူများ




စာမျက်နှာ - 26 ➤




MARGA MIN GROUP
MARGA MIN GROUP OF COMPANIES
ဓါတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးဆေးများ ဖြန့်ဖြူးရောင်းချရေး ကုမ္ပဏီများအုပ်စု
MARGA MIN Co.,Ltd
AKA YARZAR Co.,Ltd.
AGRI IDOL
AGRI IDOL Co.,Ltd.
OMO Family Co.,Ltd
MARGA MIN GROUP OF COMPANIES
အမှတ်(၁/၃)၊ R-6 လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၄၅၅၅၅၅ ၇၈၆၁
margaminncoltd@gmail.com

# စီးပွားရေးနှင့် ကုန်သွယ်ရေးတွင် အရေးပါသည့် စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယအကြီးဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ အနောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုလမ်းကြောင်းများ တည်ရှိပြီး တောင်ဘက်ဆုံးရှိ စစ်ကိုင်းတံတားမှတစ်ဆင့် ပြည်တွင်း ပြည်ပသို့ ကုန်စည်ကူးသန်းရောင်းဝယ်ရေးကွန်ရက်များ တည်ရှိသည်။ ကုန်ပစ္စည်းထုတ်လုပ်တင်ပို့ရေးတွင်လည်း အရေးပါ အရာရောက်သည့် ဒေသကြီးတစ်ခုဖြစ်သည်။



စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိကထွက်ကုန်မှာ လယ်ယာထွက် ကောက်ပဲသီးနှံနှင့် အသေးစား၊အငယ်စား၊ အလတ်စား စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးထွက်ကုန်များ၏ ထူးခြားချက်မှာ အရည်အသွေးမြင့်မားပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် လူကြိုက်များခြင်းပင်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကုန်စည် ကူးသန်းရောင်းဝယ်ရေးအတွက် အထောက်အကူများစွာ ရရှိစေသည်။

### စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသော ကောက်ပဲသီးနှံများ

နာမည်ကြီးသည့် ရွှေဘိုပေါ် ဆန်းဆန်၊ ဧရာမင်းဆန်၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ပဲကြီး၊ ကုလားပဲ၊ မြေပဲ၊ နှမ်း၊နေကြာ၊ အစေ့ထုတ် ပြောင်း၊ ကြက်သွန်နီ၊ ဝါ၊ ကြံနှင့် ဂျုံ တို့သည် အဓိက အရောင်းအဝယ်သွက်လျက်ရှိသည့် ကောက်ပဲသီးနှံများဖြစ်သည်။

### အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းထုတ်ကုန်များ

ဒေသထွက် ဂျုံ၊ ပဲအမျိုးမျိုးနှင့် နှမ်းတို့ကို အခြေခံထုတ်လုပ်သည့် အသင့်စား စားသောက်ကုန်ပစ္စည်းများသည် ပြည်တွင်း၌ လူကြိုက်များသည့် ထုတ်ကုန်များဖြစ်သည်။ ထို့အပြင် ပျားရည်သန့်၊ ဆိတ်သားခြောက်၊ ဝက်အူချောင်း၊ မုန့်မျိုးစုံများလည်း လူကြိုက်များသည့် ထုတ်ကုန်များဖြစ်သည်။

စစ်ကိုင်းမြို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်း၊ ကြိမ်ထည်လုပ်ငန်း၊ ငွေထည်ကြေး ထည်လုပ်ငန်းနှင့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများသည်လည်း ပြည်တွင်း၊ ပြည်ပ ဈေးကွက်ထိုးဖောက်နိုင်သည့် အနေအထားဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ဆန်စက်ကြီး/ငယ် ပေါင်း (မှတ်ပုံတင်ပြီး)၁၃၃၄ လုံးနှင့် ဆီစက်ပေါင်း ၃၅၀ ရှိရာ ၎င်းတို့မှ ထွက်ရှိသော ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ်နှင့် နှမ်းဖတ်တို့ကို တိရစ္ဆာန်အစာ ထုတ်လုပ်သည့် လုပ်ငန်းအတွက် ကုန်ပစ္စည်းအဖြစ် အသုံးပြုကြပြီး ဒေသတွင်းပိုလျှံပါက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိသည်။

### အခြားဒေသများမှ တိုင်းဒေသကြီးအတွင်းသို့ တင်သွင်းသည့် ကုန်ပစ္စည်းများ

အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဝယ်ယူတင်သွင်းသည့် ကုန်ပစ္စည်းများအနက် အများဆုံး စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် တည်ဆောက်ရေးသုံး ပစ္စည်းများမှာ အများဆုံးဖြစ်သည်။

စားသောက်ကုန်များမှာ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းထွက် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ စားအုန်း ဆီများ၊ အသားငါးများ၊ ကြက်ဥ၊ ဘဲဥများ၊ အသင့်စား မုန့်အမျိုးမျိုးနှင့်အချိုရည်များ စသည်ဖြင့် ဝင်ရောက်လျက်ရှိသည်။ လူသုံးကုန်ပစ္စည်း အမျိုးမျိုးနှင့် အိမ်သုံးဆေးဝါးများလည်း လစဉ်ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း တွေ့ရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ အတော်အတန် ဖွံ့ဖြိုးလျက်ရှိသဖြင့် စီးပွားရေးလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် အရေးပါသည့် ဒေသကြီးတစ်ခုအနေဖြင့် တည်ရှိနေမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးထွက် သီးနှံများ၏ အရည်အသွေးသည် ကောင်းမွန်ပြီး လူကြိုက်များသည်။ စိုက်ပျိုးမှုဧရိယာ ကျယ်ပြန့်ပြီး စိုက်ပျိုးရေးအတွက် ဆည်ကန်များ၊ မြစ်ရေတင်စနစ်များနှင့် ရေတွင်းများမှ ရေရရှိရေးများ ဆောင်ရွက်နိုင်ခဲ့ကြသည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ဖြင့် ဈေးကွက်သို့ အချိန်တိုအတွင်း ပို့နိုင်ခြင်းမှာ စိုက်ပျိုးရေးအတွက် အားသာချက်များဖြစ်သည်။

၎င်းအားသာချက်များကို အသုံးချနိုင်ရေးအတွက် စုပေါင်းလယ်ယာစနစ် တည်ထောင်ရေးကို စည်းရုံး ဆောင်ရွက်သွားမည်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ ပို့ကုန်နှစ်ဆအစီအမံ အောင်မြင်ရေးအတွက် အားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**ခမ်လျှန်စွမ်း (စီးပွား/ကူးသန်း)**

# စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးခြင်းဖြင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုကိုရရှိမည်

သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မာစံချိန်စံညွှန်း ၉၄၈ ခုကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး ပြည်တွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံးတွင် စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိတို့၏ ထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိစေခြင်းကြောင့် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့စေပြီး ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်မည်ဖြစ်ကြောင်း အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပြောသည်။

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီးက နိုင်ငံတကာစံချိန် စံညွှန်းရေးဆွဲသည့် ပညာရှင်များနှင့် ပြည်တွင်းရှိ မြန်မာစံချိန်စံညွှန်းများ ပေါ်ထွက်လာစေရန် ပါဝင်ဆောင်ရွက်သူများကို ဂုဏ်ပြုရန် ရည်ရွယ်၍ အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (၁၃)ကြိမ်မြောက် အခမ်းအနားတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စံချိန် စံညွှန်းနေ့(၂၀၂၅)၏ ဆောင်ပုဒ်မှာ “Shared Vision for a Better World: Spotlight on SDG 17- Partnerships for the Goals” (ပိုမိုကောင်းမွန်သော ကမ္ဘာကြီးအတွက် မျှော်မှန်းချက် များမျှဝေခြင်း- SDG 17 ရည်မှန်းချက်ပန်းတိုင်များအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု) ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများသည် တစ်ကမ္ဘာလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ခြင်းကြောင့် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်း ကောင်စီဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စံချိန်စံညွှန်း လုပ်ငန်းကော်မတီဝင်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုတိုး**

Commerce

**အတိုင်ပင်ခံစာတည်း**

သောင်းနိုင်

နီနီကျော်

နေဆန်း

**စာတည်းမှူးချုပ်**

သန့်စင်မင်း

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**

ဖြူဖြူဝင်း

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရဲမင်းသာ (မကွေး)

သဇင် (မအူပင်)

ကျော်နိုင် (မြိတ်)

မောင်မောင်မြတ်ခိုင် (ဖျာပုံ)

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

မြင့်မြင့်သန်း(ပခုက္ကူ)

သင်းသင်းအေး (မုံရွာ)

မျိုးဝင်းသန့် (မုံရွာ)

ခင်ကြည် (မွန်)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးမင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၃၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

THE CENTRAL

LUXURY, PERFECTED
where every detail defines distinction



THE PARK

LUXURY, PERFECTED
where every detail defines distinction



ENQUIRY HOTLINE
+959 767 994 387

GALLERY SHOWROOM
No.7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar.

## SSS International Retail Business
## လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ

**easy mart** — More than a Mart

ရန်ကုန်မြို့အတွင်း ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို ဖွင့်လှစ်ကာ ပို့ကုန်၊ သွင်းကုန် ပစ္စည်းအစုံကို အရည်အသွေး ပြည့်မီစွာရောင်းချ ပေးနေပါသည်။

**MAXI Wholesale**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ် ပင်လုံလမ်းမပေါ်တွင် Wholesale Center တစ်ခု အဖြစ် ဖွင့်လှစ်ကာ စားသောက်ကုန် ၊ လူသုံးကုန် အမျိုး ပေါင်းများစွာကို လက်လီလက်ကား ရောင်းချပေးလျက်ရှိပါသည်။

**easy supermarket**

မှော်ဘီမြို့ ပြည်လမ်းမပေါ်နှင့် ရန်ကုန်မြို့ သံသုမာ လမ်းမပေါ် ၊ သုဝဏ္ဏအပိုင်း တို့တွင် ဆိုင်ခွဲ (၂)ဆိုင် ဖြင့် ဖွင့်လှစ်ထားသော Easy Supermarket တွင် ပို့ကုန် သွင်းကုန် ပစ္စည်းအစုံ အဝတ်အထည် အမျိုးမျိုး တို့ကို အရည်အသွေးပြည့်မီစွာဖြင့် ရောင်းချပေးလျက်ရှိပါသည်။




ဝန်းရံခ
UN YAN KHA
JETOUR
— Drive Your Future —
JETOUR T1
JETOUR X90 PLUS
အမှတ်(၁)၊ ဗဟိုလမ်း၊ လှိုင်ဘူတာရုံလမ်းနှင့် ပါရမီလမ်းကြား (၇) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
09 5022 577 , 09 977 109 898




PERFECT AUTOBIZ
PERFECT AUTO BIZ CAR SALES CENTE
PERFECT
Auto BIZ
SALES & SERVICE CENTER
09 898 800 017 | 09 898 600 292
No.18 D, Yadanar Road, (Corner of Mya Wutyee Lane), Thingangyun Tsp, Yangon

# HOTEL SANCHAUNG

## HOTEL & SPA




**Hotel Sanchaung**
68/70, Baho Road, Sanchaung Township,
Yangon, Myanmr.

**Email Us :**
hello@hotelsanchaung.com

**Hotline :**
+95 01-515-636

**Other Hotline :**
+95 01-515-637, +95 01-515-638
+95 01-515-639, +95 01-515-640



# မိတ္ထီလာဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ပဲမျိုးစုံ ဈေးနှုန်းဈေးကွက် အခြေအနေ

မိတ္ထီလာမြို့ ပဲမျိုးစုံဈေးကွက်တွင် ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားရှိသည့် ကုလားပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ ထောပတ်ပဲများကို မိတ္ထီလာမြို့နယ်တွင်းရှိမြင်းတဲ၊ သဖန်းပင်ရိုး၊ မြေတိုင်ကုန်း၊ အလယ်ရွာ၊ ရေဝေ စသည့် ကျေးရွာများနှင့် သာစည်၊ မလှိုင်မြို့နယ်များမှလည်း ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိကြောင်း၊ ဒေသတွင်း စားသုံးမှုအတွက် မန္တလေးမှ စားတော်ပဲ၊ ပဲနီလေး၊ ပဲလွမ်းပြာ၊ ပဲလွမ်းဖြူ၊ ပဲဇီးကွက်၊ ပဲနီပြား စသည့် ပဲများလည်း ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ပဲမျိုးစုံ၏ အောက်တိုဘာလ စတုတ္ထပတ်ရှိ ဈေးနှုန်းများကို စုစည်းဖော်ပြလိုက်ပါသည်။

**ပဲတီစိမ်း**

ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၈၅၀၀၀-၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လဈေးအတိုင်း ဈေးနှုန်းတည်ငြိမ်နေပြီး ဈေးကွက်အနေဖြင့် မန္တလေးသို့ အိတ် ၅၀၀ ခန့် တင်ပို့နိုင်ကြောင်း သိရသည်။

**မြေပဲဆန်**

မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လနှင့် နှိုင်းယှဉ်လျှင် မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လာပြီး ဒေသတွင်း ဆီကြိတ်စက်များအပြင် ရန်ကုန်၊ မန္တလေးသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**ကုလားပဲ**

ကုလားပဲV2 တစ်တင်းလျှင် ကျပ် ၈၁၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၇၇၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လအတိုင်း ဈေးနှုန်းတည်ငြိမ်နေပြီး ဒေသတွင်းပဲခွဲစက်များနှင့် တောင်သူများမှ မျိုးဝယ်ယူသည့်အချိန်ဖြစ်၍ တစ်ရက်လျှင် အိတ် ၂၀-၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ပဲဇီးကွက်၊ ပဲလွမ်းဖြူ ပဲလွမ်းပြာ**

ပဲဇီးကွက်၊ပဲလွန်းဖြူ နှင့်ပဲလွမ်းပြာ ဈေးနှုန်းများမှာ ပဲဇီးကွက် တစ်ပြည်လျှင် ကျပ် ၆၂၀၀ တစ်တင်းလျှင် ကျပ် ၉၅၀၀၀၊ ပဲလွမ်းဖြူ တစ်ပြည်လျှင် ကျပ် ၅၀၀၀ တစ်တင်းလျှင် ကျပ် ၇၅၀၀၀၊ ပဲလွမ်းပြာ တစ်ပြည်လျှင် ကျပ် ၄၂၀၀ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါသည်။

**ထောပတ်ပဲ**

ထောပတ်ပဲဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၅၀၀၀ တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်လနှင့်ကာလတူ နှိုင်းယှဉ်လျှင် ထောပတ်ပဲတစ်တင်းလျှင်ကျပ် ၁၀၀၀၀ ခန့် ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

**ပဲနီလေး**

ပဲနီလေးတစ်ပိဿာလျှင် ကျပ် ၉၅၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခင်လနှင့်နှိုင်းယှဉ်လျှင် ယခင်လနှင့်ကာလတူ နှိုင်းယှဉ်လျှင် ပဲနီလေးတစ်ပိဿာလျှင် ကျပ် ၁၅၀၀ ခန့် ဈေးနှုန်းကျဆင်းလာပြီး အရောင်းအဝယ် အေးနေကြောင်း သိရသည်။

**စားတော်ပဲနှင့် ပဲနီပြား**

စားတော်ပဲတစ်ပြည်လျှင် ကျပ် ၁၀၀၀၀၊ ပဲနီပြား တစ်ပြည်လျှင် ကျပ် ၇၀၀၀၊ တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခင်လနှင့် နှိုင်းယှဉ်လျှင် စားတော်ပဲ တစ်ပြည်လျှင် ကျပ် ၂၀၀၀၊ ပဲနီပြား တစ်ပြည်လျှင် ကျပ် ၂၀၀၀၊ တစ်တင်းလျှင်ကျပ် ၁၅၀၀၀ ခန့် ဈေးနှုန်းကျဆင်းလာကြောင်း၊ စားတော်ပဲကို စားသောက်ဆိုင်များနှင့် ပဲပြုတ်ရောင်းချသူများမှ အများဆုံးဝယ်ယူကြကြောင်း သိရသည်။

**မြို့ရိ (MDY-DOCA)**

# ပြည်ဈေးကွက်တွင် စမုန်နက်နှမ်း ဈေးမြင့်တက်၍ မြေပဲဈေးကျ

ပြည်ခရိုင် ပြည်မြို့၏ဈေးကွက်များ၌ အောက်တိုဘာ နောက်ဆုံးပတ်တွင် နှမ်းဈေးများ၊ နှမ်းနီနှင့် နှမ်းနက်ဈေးများ ဆက်လက် ငြိမ်နေပြီး စမုန်နက်နှမ်းတစ်မျိုးသာ ဈေးမြင့်တက်လာခဲ့သည်။ ယခုအချိန်တွင် ပြည်ခရိုင်၌ မိုးနှမ်းများ ဝင်ရောက်မှုမှာလည်း နည်းသွားပြီး တစ်ခါဝင်လျှင် အိတ် ၂၀-၃၀ ခန့်သာရှိသည်ဟု သိရသည်။ နှမ်းနီကို ဆီစက်သမားများကသာ ဆီကြိတ်ရန်လှောင်ထားပြီး ဆီလိုအပ်ချက်ရှိလျှင် ထုတ်၍ ဆီကြိတ်ကြသည်။ စမုန်နက်နှမ်းကို ပြည်ပသို့ တင်ပို့ရန်သာ အသုံးရှိပြီး နှမ်းဆီကို စားသုံးမှုနည်းသဖြင့် ဆီစက်များကလည်း မြေပဲဆီကို ဦးစား ပေး၍ကြိတ်ခဲ့ကြသည်။ နှမ်းဆီမှာ ဆေးဖက်ဝင်သော်လည်း အရသာမှာ ခါးသက်သက်ရှိ၍ စားသုံးသူများကြိုက်နှစ်သက်မှုမရှိ၍ ဆီစက်များကလည်း နှမ်းဆီကို အနည်းငယ်သာ ကြိတ်ခွဲထုတ်လုပ်ကြသည်။ အောက်တိုဘာလ နောက်ဆုံးပတ်တွင် နှမ်းဈေးနှုန်းများအနေဖြင့် နှမ်းနီ တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၂၀၀၀၀၀ နှင့် စမုန်နက်နှမ်း တစ်တင်းလျှင် ကျပ် ၂၃၀၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နှမ်းဆီဈေးမှာလည်း နှမ်းဦးဆီ တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ ဈေးရှိကြောင်း သိရသည်။

ပြည်ခရိုင်တွင် ယခုအချိန်တွင် မြေပဲများစိုက်ပျိုးနေချိန် ဖြစ်ပြီး တစ်ဧကခန့်မှန်းကုန်ကျစရိတ် ကျပ်ခြောက်သိန်းကျော် ကုန်ကျမည်ဖြစ်သည်။ ပြည်ဈေးကွက်သို့ မြေပဲဆန်စီးဆင်းမှုမှာ မိုးမြေပဲများကို ကံမ၊ မြန်အောင်၊ ကြံခင်းနှင့် ပေါက်ခေါင်းဘက်မှ ရက်ခြားဝင်ရောက်မှုရှိပြီး ဝင်ရောက်သည့်ရက်တွင် အိတ် ၅၀၀ ခန့် ဝင်ရောက်သည်ဟုသိရသည်။

ပြည်ပွဲရုံရှိ မြေပဲဆန်များကို ဒေသတွင်း ဆီစက်များနှင့် ပဲလှော်၊ ပဲကြော်သမားများက ဝယ်ယူမှုရှိပြီး မန္တလေးတိုင်းဒေသကြီးသို့လည်း တင်ပို့ ရောင်းချကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ယခုအောက်တိုဘာလ နောက်ဆုံးပတ်တွင် မြေပဲဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၇၂၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၇၂၀၀၊ ရွှေဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၇၅၀၀ နှင့် လုံးဆန် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၇၈၀၀၊ (အနီ)တစ် ပိဿာလျှင် ကျပ် ၇၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ စက် တင်ဘာလနှင့်ယှဉ်လျှင် ဈေးအနည်းငယ် ကျဆင်းလာကြောင်း သိရသည်။ မြေပဲဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

မြေပဲကိုလူမျိုးမရွေး၊ ဘာသာမရွေးသုံးစွဲနိုင်ပြီး အရည်အသွေးမီ မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်စိုက်ပျိုးမည်ဆိုပါက ပြည်တွင်းတွင် စားသုံးဆီ ဖူလုံမည့်အပြင် ပြည်ပဈေးကွက်သို့လည်း အရည်အသွေးကောင်းမြေပဲဆန်များကို တင်ပို့ရောင်းချနိုင်ပြီး နိုင်ငံခြားဝင်ငွေများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

**ဝေဝေမင်း (ပြည်)**

# ပခုက္ကူဈေးကွက်၌ ပဲတီစိမ်းသီးနှံ အရောင်းအဝယ်ဖြစ်နေ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ မြိုင်၊ ပေါက်၊ ရေစကြိုနှင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသခံ ပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးရာမှ ပဲတီစိမ်းသီးနှံကိုလည်း မိုးဆောင်း နှစ်ရာသီ စိုက်ပျိုးကြရာ မိုးပဲတီစိမ်းကို စိုက်ဧက နှစ်သောင်းခန့် စိုက်ပျိုးကြောင်း သိရှိရသည်။

မိုးပဲတီစိမ်းကို မတ်လတွင် စတင်စိုက်ပျိုးပြီး ဇွန်၊ ဇူလိုင်လတွင် သီးနှံ စတင်ထွက်ပေါ်ကြောင်း ပဲတီစိမ်းမြကြေးမှုံ၊ကျောက်စိမ်း၊ပဲတီစိမ်း ပဲနောက်သေးမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်ပြီး နွားရှည်းဖြင့် ထွန်ကျောင်းဆွဲပြီး အစေ့ချစနစ်ဖြင့် ပင်ကြား ငါးလက်မတန်းခြား တစ်ပေအကွာဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ လေးပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျကြောင်း တစ်ဧက ပျမ်းမျှအထွက်တင်းမှာ ၁၀-၁၅ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးမြေနှင့် ရာသီဥတုပေါ်မူတည်၍ သီးနှံအထွက်နှုန်း ကွာခြားမှုရှိကြောင်း သိရှိရသည်။

အောက်တိုဘာလ ပထမပတ်တွင် ပခုက္ကူပဲမျိုးစုံဈေးကွက်၌ ပဲတီစိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးအနည်းငယ် ကျဆင်းနေကြောင်း၊ တစ်ရက်လျှင် ပဲတီစိမ်းသေးပိဿာ ၃၀ ဝင် အိတ် ၃၀၀-၃၅၀ ခန့် ဝင်ရောက်ပြီး ရေစကြိုမြို့နယ်ထွက် ပဲတီစိမ်းများ အများဆုံး ဝင်ရောက်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စဇွန်လတွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀-၁၃၂၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင်လတွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၁၀၀၀၀၀-၁၃၀၀၀၀ ဈေးဖြင့် ဈေးအနည်းငယ်ကျဆင်း အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ စက်တင်ဘာလဒုတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၇၅၀၀၀-၁၂၀၀၀၀ ဖြစ်ခဲ့ပြီး အောက်တိုဘာလ စတုတ္ထပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၉၅၀၀၀-၁၁၄၀၀၀ ဈေးဖြင့် ဈေးဆက်လက်ကျဆင်း အရောင်းအဝယ်ဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် ပခုက္ကူပွဲရုံများသို့ ဝင်ရောက်လာသည့် ပဲတီစိမ်းများကို ဒေသတွင်းဖြန့်ဖြူးမှုအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ကန့်ဘလူမြို့နယ်တွင် ဆီနေကြာ၊ ပဲ၊ နှမ်း ဈေးမြင့်တက်လာ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ကြက်ဆူနှင့် နေကြာသီးနှံတို့ကို စိုက်ပျိုးလျက်ရှိသည်။

**နေကြာ**

အောက်တိုဘာလ စတုတ္ထပတ်အတွင်း ဆီနေကြာတစ်တင်းလျှင် ကျပ် ၅၆၀၀၀၊ နေကြာညှံ့လျှင် ကျပ် ၅၅၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ စက်တင်ဘာလစတုတ္ထပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဆီနေကြာတစ်တင်းလျှင် ကျပ် ၃၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ကန့်ဘလူမြို့နယ်တွင် နေကြာသီးနှံကို ဆီကြိတ်၍ ကုန်ချောထုတ်လုပ်ပြီး ပိုလျှံသော နေကြာများကို ရွှေဘိုမြို့နှင့် မန္တလေးမြို့ရှိပွဲရုံများ၊ ကုန်စည်ဒိုင်များသို့ တင်ပို့လျက်ရှိကြောင်း ဒေသတွင်း ပွဲရုံလုပ်ငန်းများထံမှ သိရသည်။

**ပဲတီစိမ်း**

အောက်တိုဘာလ စတုတ္ထပတ်အတွင်း ပဲတီစိမ်းရိုးရိုး တစ်တင်းလျှင် ကျပ် ၇၆၀၀၀၊ ပဲတီစိမ်းထွက်တိုး တစ်တင်းလျှင် ကျပ် ၈၃၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်စက်တင်ဘာလ စတုတ္ထပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းရိုးရိုး တစ်တင်းလျှင် ကျပ် ၃၀၀၀ နှင့် ထွက်တိုးတစ်တင်းလျှင် ကျပ် ၅၅၀၀ ဈေးနှုန်းဆက်လက်မြင့်တက်လာကြောင်း သိရသည်။

**နှမ်း**

အောက်တိုဘာလ စတုတ္ထပတ်အတွင်း နှမ်းနက် (စမုန်) တစ်တင်းလျှင် ကျပ် ၂၃၁၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၀၄၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်စက်တင်ဘာလ စတုတ္ထပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်းနက်တစ်တင်းလျှင် ကျပ် ၉၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း ဒေသတွင်းပွဲရုံများထံမှ သိရသည်။

**မြေပဲလုံးဆန်**

အောက်တိုဘာလ စတုတ္ထပတ်အတွင်း မြေပဲလုံးဆန်တစ် ပိဿာလျှင် ကျပ် ၇၇၀၀ နှင့် ၂၅ ပိဿာတစ်အိတ်လျှင် ကျပ် ၁၉၂၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ယခင် စက်



တင်ဘာလ စတုတ္ထပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

**ဝင်းသန်း(ကျွန်းလှ)**

## ဆန်စပါး သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် (၂၅) တန်နှင့်အထက် (သို့မဟုတ်) စပါး တင်း (၂,၅၀၀) နှင့်အထက် သိုလှောင်ထားရှိသော ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များသည် မြန်မာဆန်စပါး အွန်လိုင်း (MyRO) www.myro.com.mm တွင် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၄-၁၀-၂၀၂၄ ရက်နေ့တွင် အမိန့်အမှတ် (၈၂/ ၂၀၂၄) ကို ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ ဆန်စပါး သိုလှောင်ရုံပိုင်ရှင်များအနေဖြင့် မပျက်မကွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ မြန်မာဆန်စပါးအွန်လိုင်း (MyRO) စနစ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော သိုလှောင်ရုံများအနေဖြင့်လည်း လစဉ်လဆန်း (၁) ရက်နေ့မှ (၇) ရက်နေ့အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းများကို MyRO Website ရှိ မိမိ၏ Account တွင် မပျက်မကွက် စာရင်းထည့်သွင်းပေးရန်၊ ပြည့်စုံမှန်ကန်သော အချက်အလက်များကို တာဝန်ယူ၊ တာဝန်ခံ၍ ထည့်သွင်းပေးရန်နှင့် အခါအားလျော်စွာ လာရောက်စစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အထက်အပိုဒ် (၁) ပါအတိုင်း သိုလှောင်ရုံ မှတ်ပုံတင်လက်မှတ် လျှောက်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အပိုဒ် (၂) ပါ လစဉ် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းအား ပြည့်စုံမှန်ကန်စွာ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ခြင်း မရှိလျှင်ဖြစ်စေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၈၂/ ၂၀၂၄) ပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူခြင်း၊ သို့မဟုတ် မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း၊ သို့မဟုတ် နည်းလမ်းနှစ်ရပ်စလုံးဖြင့် အရေးယူခြင်းကို ဆောင်ရွက်နိုင်ပါသဖြင့် သိရှိလိုက်နာဆောင်ရွက်ရန်နှင့် သိရှိလိုသည်များရှိပါက www.myro.com.mm တွင် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများတွင် လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရုံးတွင်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များတွင် မိုးစိုက် (ခေါ်) ဉစိုက် ကြက်သွန်နီများ စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များတွင် မိုးကြက်သွန် (ခေါ်) ဉစိုက် ကြက်သွန်နီနှင့် ဆောင်းကြက်သွန်နီ(ခေါ်) အပင်စိုက်များကို နှစ်စဉ်မပျက် အများအပြား စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိ သည့်အပြင် ပခုက္ကူ ခရိုင်တွင်လည်း စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်နီကို ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူမြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသည်။ ကြက်သွန်နီစျေးကွက်တွင်လည်း ဆိပ်ဖြူ ကြက်သွန်၊ ပခုက္ကူ ကြက်သွန်နှင့် ပေါက်ယောချောင်းကြက်သွန်များမှာ အရည်အသွေးကောင်း၍ လူကြိုက်များသည်။

ကြက်သွန်နီစျေးကွက်တွင် ယခင်နှစ်က စိုက်ပျိုးထွက်ရှိခဲ့သည့် အပင်စိုက် ကြက်သွန်နီများမှာ ကြက်သွန်ဒိုင်ပြတ်စျေးအနေဖြင့် တစ်ပိဿာလျှင်ကျပ် ၁၁၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်နေသည်။ ယခုလက်ရှိစျေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် ကြက်သွန်နီများမှာ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အညှောင့်များထွက်လာ၍ သက်တမ်းကုန်ဆုံးမည်ဖြစ်သည့် အတွက် ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် စျေးကောင်းကို မျှော်လင့်၍ မိုးစိုက် (ခေါ်) ဉစိုက် ကြက်သွန်နီများကို ပခုက္ကူ၊ ရေစကြို၊ ဆိပ်ဖြူမြို့များတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေဝင်ရောက်ရာ ကျေးရွာများတွင် မြစ်ရေကျချိန် စက်တင်ဘာလ၊ အောက်တိုဘာလများတွင် စိုက်ပျိုးလျက်ရှိသည်။



ယခုနှစ် တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ထွန်ရက်စိုက်ပျိုးကုန်ကျစရိတ် ကျပ် ၂၅ သိန်းခန့်ကုန်ကျပြီး ခန့်မှန်းအထွက်အနေဖြင့် ပိဿာ ၃၀၀၀ ခန့်ထွက်လျှင် ယခု လက်ရှိစျေးအတိုင်း ရောင်းချပါက အကျိုးအမြတ်မရရှိသော်လည်း အရှုံးမရှိကြောင်း၊ အကယ်၍ ကြက်သွန်နီပေါ်ချိန် ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် စျေးနှုန်းတစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့်ဖြင့် ရောင်းချရလျှင် ကြက်သွန်စိုက်တောင်သူများ အကျိုးအမြတ်များစွာရရှိနိုင်မည်ကြောင်း သိရသည်။

**(မြတ်မင်း - ရေစကြို)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ .၁၀ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | ISEACO WISDOM | ကုန်သေတ္တာ ၉၅၀ တင် ၁၀၀၆ချဆဲ |
| | VIMC DIAMOND | ကုန်သေတ္တာ ၃၆၀ တင် ၁၉၆ချဆဲ |
| | H CYGNUS | ကုန်သေတ္တာ၆၀၅ တင် ၅၂၅ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | HF SPIRIT | ကုန်သေတ္တာ ၅၀၆တင် ၁၁ချဆဲ (ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | SOFIA K | ဆန်တန်ချိန် ၂၃၀၀၀ တင်ရန်ရှိ |
| ရန်ကုန်နိုင်ငံတကာဆိပ်ကမ်း | PHC HONESTY | ပြောင်းဖူး ၁၄၈၀၀ တန်တင်ဆဲ (ပူးတွဲလုပ်ဆောင်) |
| | BEYPORE SULTAN | ကုန်သေတ္တာ ၄၂ တင် ၃၉ချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | CAPE FELTON | ကုန်သေတ္တာ ၇၃၉ တင် ၈၀၅ချဆဲ( ပူးတွဲလုပ်ဆောင်) |
| | MTT PORTKELANG | ကုန်သေတ္တာ၆၂၅တင် ၆၈၇ချဆဲ( ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | JIU XU -36 | ဆန်တန်ချိန် ၃၀၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | THEOTOKOS | ဆန်တန်ချိန် ၁၄၁၃၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | TRAN AN -08 | ပြောင်းဖူးတန်ချိန် ၁၀၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | GOKOVA M | ဆန်တန်ချိန် ၂၁၀၀၀ တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | CMA CGM KINABALU | ကုန်သေတ္တာ၆၀၁ တင်၇၀၀ချရန် (ပူးတွဲလုပ်ဆောင် |
| | MTT PORTKELANG | ကုန်သေတ္တာ ၅၈၃ တင် ၇၈၀ချဆဲ( အသင့်စောင့်ဆိုင်း) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | SITC NANSHA | ကုန်သေတ္တာ ၆၇၈ တင် ၅၆ ချရန် (ပူးတွဲလုပ်ဆောင်) |
| | H CYGNUS | ကုန်သေတ္တာ ၃၇ တင် ၃၈၆ ချရန် (အသင့်စောင့်ဆိုင်း) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | ILIANA | Steel တန်ချိန်၂၀၂၀၀ ချရန် |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | JIN HAI ZHONG | Steel&G/C ၅၀၄၁၈ ချရန် |
| WILMAR JETTY | MT.THERESA ORION | P'Oil(In Bulk) ၁၁၉၉၉ ချရန် |
| | PHU THAN | ပြောင်းဖူးတန်ချိန် ၁၂၅၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဘက်စုံသုံးအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | SUN GRACE | Urea တန်ချိန် ၂၄၀၀၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PHU THANH | ပြောင်းဖူးတန်ချိန် ၁၂၅၀၀ တန်တင်ရန် | PHILIPPINE | ၃၀.၁၀.၂၀၂၅ |
| PHC HONESTY | ပြောင်းဖူးတန်ချိန် ၁၄၈၀၀ တန်တင်ရန် | PHILIPPINE | ၃၁.၁၀.၂၀၂၅ |
| DEV BULK SARE | ဆန်တန်ချိန် ၂၅၂၇၀ တန်တင်ရန | SPAIN & BELGIUM | ၁.၁၁.၂၀၂၅ |
| TRAN AN -08 | ဂျုံတန်ချိန် ၃၀၆၇၆ ချဆဲ | AUSTRALIA | ၅.၁၁.၂၀၂၅ |
| BAO SHUN | Steel&Equipmentတန်ချိန် ၂၃၉၇၈ ချဆဲ | AUSTRALIA | ၁၃.၁၁.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CMA CGM KINABALU | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉.၁၀.၂၀၂၅ |
| BEYPOREC SULTAN | thai | စက်မှုဆိပ်ကမ်း | ၂၉.၁၀.၂၀၂၅ |
| SITC NANSHA | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၀.၁၀.၂၀၂၅ |
| MTT PORT KELANG | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၀.၁၀.၂၀၂၅ |
| HF SPIRIT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၀.၂၀၂၅ |
| H CYGNUS | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁.၁၀.၂၀၂၅ |
| TC MESSENGER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၁၀.၂၀၂၅ |
| CAPITAINE TUPALA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၁၀.၂၀၂၅ |
| BAL XIAMEN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၁၀.၂၀၂၅ |
| SINAR PANGANDARAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၁.၁၀.၂၀၂၅ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၁၀.၂၀၂၅ |
| SITC XIANDE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၁၀.၂၀၂၅ |
| SITC ZHI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၁.၂၀၂၅ |
| FSL SINGAPORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၁.၂၀၂၅ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၁.၂၀၂၅ |
| OTANA BHUM | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၁.၂၀၂၅ |
| BLPL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၁.၂၀၂၅ |
| MSC KANU F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၁.၂၀၂၅ |
| T12 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၁၁.၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၁၁.၂၀၂၅ |
| CAPE FORBY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၁.၂၀၂၅ |
| MTT SPAPNGER | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃.၁၁.၂၀၂၅ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၁.၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁၁.၂၀၂၅ |
| AREZOO | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၁၁.၂၀၂၅ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁၁.၂၀၂၅ |
| ITHACA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၁.၂၀၂၅ |

## ၁-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 2259 | 20 | - | - | 2 | 2281 |
| | Form AANZ | 23 | - | - | - | - | 23 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 664 | 6 | - | - | 2 | 672 |
| | Form AJ | 81 | 3 | - | - | - | 84 |
| | Form AK | 593 | 7 | - | - | - | 600 |
| | Form CHINA | 111 | - | - | - | - | 111 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 38 | 1 | - | - | - | 39 |
| | Form E | 1219 | 15 | - | - | - | 1234 |
| | Form Korea | 70 | - | - | - | - | 70 |
| | E Form D | 568 | - | - | - | - | 568 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 5627 | 52 | - | - | 4 | 5683 |

# ပြည်ပကုန်သွယ်မှု လုပ်ငန်းများ မြှင့်တင်ရန် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနည်း



ယနေ့ခေတ်တွင် နည်းပညာများ မြန်မြန်ဆန်ဆန် တိုးတက်နေပြီး လူတိုင်းအတွက် အင်တာနက်နှင့် ဖုန်းများ မရှိမဖြစ် လိုအပ် လာလျက်ရှိသည်။ ယနေ့ကမ္ဘာပေါ်တွင် လူ ၁၀ ဦးလျှင် ခုနစ်ဦးနီးပါး (၆၈ ရာခိုင်နှုန်း) သည် အင်တာနက်ကို အသုံးပြုနေပြီး အသက် ၁၀ နှစ်နှင့်အထက် လူငါးဦးတွင် လေးဦးသည် မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်ကြသည်။ ဉာဏ်ရည်တု (AI) စွမ်းအင်သုံး အသုံးချပရိုဂရမ်များကို ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနှင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု စသည့် နယ်ပယ်များတွင် လျင်မြန်စွာ လက်ခံအသုံးပြုလျက်ရှိသည်။ ဒစ်ဂျစ်တယ်နည်းပညာများသည် သင်ယူသူများအတွက် ဒေသသုံးဘာသာစကားများအသုံးပြုရာတွင် လွယ်ကူ ချောမွေ့အောင်၊ အသိပညာ၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်အခြေအနေများနှင့်သက်ဆိုင်သည့် သင်ယူစရာအကြောင်းအရာများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးလျက်ရှိသည်။

ယခုလိုဒစ်ဂျစ်တယ်ခေတ်တွင် ကုန်သွယ်ရေးကဏ္ဍလည်း နည်းပညာအခြေပြုပြီး တိုးတက်လာလျက်ရှိသည်။ အထူးသဖြင့် ပြည်ပကုန်သွယ်မှုတွင် နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံကို ငွေရှာရန်အတွက် ပစ္စည်းများ ရောင်းခြင်း၊ ဝယ်ခြင်းဖြစ်ပြီး ၎င်းကဏ္ဍတိုးတက်စေရန် နည်းပညာအသုံးပြုမှုသည် အရေးကြီးသော အခန်းကဏ္ဍ တစ်ခုအဖြစ် ရပ်တည်နေသည်။

### အွန်လိုင်းဈေးကွက်တွင် ဝင်ရောက်ရောင်းချခြင်း

ယနေ့ခေတ်တွင် လူအများအပြား အွန်လိုင်းမှ တစ်ဆင့် ဈေးဝယ်နေကြခြင်းကြောင့် ကုန်သွယ်သူ ကိုယ်တိုင်ကလည်း မိမိထုတ်ကုန်ကို အွန်လိုင်းဈေးကွက်တွင် တင်ရောင်းသင့်သည်။ ဥပမာ- Facebook Page, Shopee, Alibaba, Amazon စသည့်နေရာများ၌ မြန်မာထုတ်ကုန်များကို တင်ရောင်းခြင်းဖြင့် နိုင်ငံခြားဈေးကွက်သို့ ဝင်ရောက်မှုနှုန်း ပိုမိုလွယ်ကူစေသည်။ အွန်လိုင်းကုန်သွယ်မှုများမှတစ်ဆင့် ရောင်းသူဝယ်သူတို့အကြား ဆက်သွယ်ပေးနိုင်သဖြင့် အချိန်နှင့် ကုန်ကျစရိတ် လျော့နည်းလာပြီး ဈေးကွက်ကျယ်ပြန့်မှု ရှိလာနိုင်သည်။

### အွန်လိုင်းဖြင့် ဈေးကွက်ရှာဖွေရေးနှင့် ကြော်ငြာလုပ်ခြင်း

ယခုခေတ်တွင် လူတိုင်းနီးပါး စမတ်ဖုန်းသုံးနေကြပြီး Facebook, YouTube, TikTok စသည့် အွန်လိုင်းပေါ်ကနေ ထုတ်ကုန် ကြော်ငြာလုပ်နိုင်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းက နိုင်ငံခြားသားများကို မိမိထုတ်ကုန်အကြောင်း သိလာစေပြီး ရောင်းအား တိုးလာစေနိုင်သည့်အပြင် နိုင်ငံတကာဈေးကွက်သို့ပါ ထိုးဖောက်လာနိုင်မည်ဖြစ်သည်။

### အွန်လိုင်းငွေပေးချေမှုစနစ် အသုံးပြုခြင်း

ပြည်ပကုန်သွယ်မှုအတွက် ငွေလွှဲခြင်း လွယ်ကူစေရန် နည်းလမ်းများကို အသုံးပြုနိုင်ပြီး ယင်းငွေပေးချေမှုများက ပိုမိုလုံခြုံပြီး လွယ်ကူလျင်မြန်မှုရှိသည်။ ပြည်ပငွေပေးချေမှုအတွက်လည်း E-payment System များ (ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုများအတွက် ငွေသားမသုံးဘဲ အွန်လိုင်းနည်းလမ်းများဖြင့် ငွေပေးချေသည့်စနစ်)ကို အသုံးပြုခြင်းဖြင့် ငွေပေး

**ငြိမ်းဝေနင်း**

ချေမှု လွယ်ကူ မြန်ဆန်လာပြီး လုံခြုံမှုမြင့်မားလာသည်။

### နည်းပညာအသုံးပြုနိုင်မှု တိုးမြှင့်ခြင်း

ကုန်သွယ်ရေးလုပ်ငန်းများတွင်လည်း ကွန်ပျူတာပညာ၊ အင်တာနက်အသုံးပြုနည်း၊ အချက်အလက် သိမ်းဆည်းနည်း စသည့်အရာများကို သင်ယူထားပါက နည်းပညာပိုင်း ကျွမ်းကျင်မှု တိုးလာစေပြီး အလုပ်များလွယ်ကူစေသည်။ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု၍ ဈေးကွက်အချက်အလက်များ စုဆောင်းပြီး Data Analysis ဖြင့် သုံးသပ်နိုင်သည်။ ထိုနည်းလမ်းဖြင့် ဝယ်သူလိုအပ်ချက်များ၊ ဈေးကွက်တန်ဖိုးနှင့် အခြေအနေများကို သေချာစွာ နားလည်နိုင်ပြီး စီမံကိန်းများကို ပိုမိုတိကျစွာ ဆောင်ရွက်နိုင်သည်။ နောက်ဆုံးတွင် AI နှင့် Chatbot နည်းပညာများကို အသုံးပြုခြင်းဖြင့် ဝယ်ယူသူများ၏ မေးခွန်းများကို အလိုအလျောက် ဖြေဆိုနိုင်ပြီး ဝန်ဆောင်မှုအချိန် တိုးလာသည့်အပြင် ဝယ်ယူသူများ၏ သဘောကျမှု တိုးတက်စေသည်။

### အစိုးရအထောက်အပံ့နှင့် တာဝန်သိ အွန်လိုင်းအမူအကျင့်ကောင်းများကို မွေးမြူရေး

အစိုးရကလည်း နည်းပညာနှင့် ပတ်သက်သည့် အခြေခံ infrasture(Internet, ငွေလွှဲစနစ်၊ ဥပဒေစည်းမျဉ်း) များကို တည်ဆောက်ပေးရန် လိုအပ်ပြီး ယင်းအရာသည်လည်း ပြည်ပ ကုန်သွယ်မှုတိုးတက်ရန် အခြေခံအင်္ဂါတစ်ခုဖြစ်သည်။ သတင်းတု၊ သတင်းမှားများ၊ ဆိုက်ဘာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဆက်သွယ်မှုများအကြောင်း အသိပညာပေးသည့် လှုပ်ရှားမှုများသည် အသိဉာဏ်ရှိသော ဒစ်ဂျစ်တယ်နိုင်ငံသားများကို တည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သော အချက်များဖြစ်သည်။

### ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်း

ကမ္ဘာ့အလုပ်အကိုင်ဈေးကွက်တွင် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုရှိသူအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါများနေပြီး ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုမရှိသူအတွက် ရွေးချယ်ခွင့် အခွင့်အလမ်း နည်းပါးလှသည်။ အွန်လိုင်းတွင် အလုပ်လျှောက်ထားခြင်းမှသည် လုပ်ငန်းခွင်များတွင် ဒစ်ဂျစ်တယ်ကိရိယာများကို အသုံးပြုခြင်းအထိ ဒစ်ဂျစ်တယ်ကျွမ်းကျင်သူအတွက် နေရာကျယ်ပြန့်စွာရှိလာသည်။ တစ်တော့၊ ဖေ့စ်ဘွတ် စသည့် ဆိုရှယ်မီဒီယာ၊ အွန်လိုင်းပလက်ဖောင်းများနှင့် ဒစ်ဂျစ်တယ် အသိုင်းအဝိုင်းများတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံပုံများ ပြောင်းလဲတိုးတက်နေပြီဖြစ်သည်။ ဒစ်ဂျစ်တယ် နည်းပညာကျွမ်းကျင်မှုဖြင့် အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ခြင်း၊ ပြည်ပကုန်သွယ်မှု လုပ်ငန်းများအတွက် အလုပ်အကိုင် နယ်ပယ်အသစ်များ ဖွင့်လှစ်ခြင်း၊ လူငယ်များအတွက် နိုင်ငံခြားဈေးကွက်နှင့် ဆက်သွယ်နိုင်သည့် အခြေခံ အတွေ့အကြုံများ ရနိုင်ခြင်း၊ နည်းပညာကျွမ်းကျင်မှုရှိသူများအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်လုပ်ခွင့်များ ရရှိခြင်းစသည့်အချက်များ တိုးတက်လာသည်ကို မြင်ရသည်။

### ဒစ်ဂျစ်တယ်ခေတ်တွင် ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို မြှင့်တင်ခြင်း

ဒစ်ဂျစ်တယ်ခေတ်တွင် ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာများကို ပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် အသုံးပြုခြင်းဖြင့် လုပ်ငန်းများ ပိုမိုမြန်ဆန်ပြီး ဈေးကွက်ကျယ်ပြန့်လာနိုင်သည်။ ထို့အပြင် စရိတ်သက်သာပြီး နိုင်ငံတကာ အဆင့်တွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမည်ဖြစ် သည်။

### နိဂုံး

ဒစ်ဂျစ်တယ် နည်းပညာသည် အနာဂတ်အတွက် လမ်းပြတိုင်တစ်ခုဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် နည်းပညာကို ကောင်းစွာမသုံးနိုင်သူများသည် နောက်ကျသွားနိုင်သည်။ ပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နည်းပညာ အသုံးပြုမှု တိုးတက်လာခြင်းကြောင့် နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖွင့်လှစ်လာနိုင်ပြီး မြန်မာနိုင်ငံအနေ ဖြင့်လည်း နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာသည်။ ဒစ်ဂျစ်တယ်ခေတ်နှင့်အညီ သက်ဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့လာသင်ယူခြင်းဖြင့် ပြည်ပကုန်သွယ်မှုလုပ်ငန်းများ နိုင်ငံတကာသို့ အလှမ်းမဝေးသော အနာဂတ်တစ်ခုပေါ်သို့ ချီတက်နေပြီဖြစ်သည်။

**ကိုးကားချက်။ ဒစ်ဂျစ်တယ် မားကတ်တင်းကျွမ်းကျင်သူများ၏ စာအုပ်များ၊ Chaffey, D., Ellis –Chadwick,F(2022) Digital Marketing) Trade Map ( international Trade Centre) www.trademap**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၉-၁၀-၂၀၂၅ မှ ၄-၁၁-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 320 - 330 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 290 - 300 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 270 - 280 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 320 - 330 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 315 - 320 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 310 - 315 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 325 - 330 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 300 - 310 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 325 - 330 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 320 - 325 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 315 - 320 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 310 - 315 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 320 - 330 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 305 - 310 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 440 - 450 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 430 - 440 | |
| 24 | A-1 , 2 (Sortexed) | 285 - 290 | |
| 25 | B-1 , 2 (Sortexed) | 265 - 375 | |
| 26 | B-1,2 (Non-Sortexed) | 250 - 260 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ပြည်ပဈေးကွက် ရှာဖွေနေသည့် တိုင်းဒေသကြီးထွက် ပီလောပီနံ



**DOCA (ရောဝတီ)**

ပီလောပီနံမှာ မြန်မာအမည်ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Cassava (tapioca) ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ manihot Esulenta ဖြစ်သည်။ ၎င်း၏ မျိုးရင်းအမည်မှာမူ Euphorbiaceae ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ပီလောပီနံပင်ကို တချို့ဒေသများတွင် ကလောပင်ဟုလည်း ခေါ်ကြသည်။ ပီလောပီနံပင်သည် နှစ်ရှည်ခံ ချုံပုတ်ပင် အမျိုးအစားဖြစ်ကာ ၎င်းတွင် Hydrocyanic acid ပါဝင်နေခြင်းကြောင့် ရှေးယခင်ကာလများက အဆိပ်ရှိသော သီးနှံအဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့သော် နောက်ပိုင်းကာလများတွင် တဖြည်းဖြည်းဖြင့် စားသုံးမှု အများဆုံးသီးနှံများထဲတွင် ပါဝင်လာခဲ့သည်ကို တွေ့ရ သည်။

ပီလောပီနံ၏မူရင်းဒေသမှာ တောင်အမေရိကတိုက်မှ ဘရာဇီးနိုင်ငံဖြစ်သည်။ လူသားများသည် ၁၅ ရာစု မတိုင်မီကတည်းက ပီလောပီနံကို ရှာဖွေတွေ့ရှိခဲ့ကြသည်ဟုဆိုသည်။ ပီလောပီနံသည် မူရင်းဒေသဖြစ်သည့် တောင်အမေရိကတိုက်မှတစ်ဆင့် အာဖရိကတိုက်သို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ၁၈ ရာစု နှောင်းပိုင်းရောက်မှသာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ပေါ်တူဂီတို့နှင့်အတူ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ သို့သော် ၁၉၈၀ ပြည့်နှစ်က မလေးရှားနိုင်ငံ ပီနန်ကျွန်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်ဟုလည်း တချို့မှတ်တမ်းများတွင် ဖော်ပြထားကြပြန်သည်။

လက်ရှိအချိန်တွင် ပီလောပီနံ စိုက်ပျိုးသည့် နိုင်ငံပေါင်း ၁၀၀ ကျော်အထိပင် ရှိလာခဲ့ပြီဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိလည်း ပီလောပီနံဈေးကွက်က ကျယ်ပြန့်လာနေပြီဖြစ်သည်။ လတ်တလောကာလတွင် ပီလောပီနံကို တောင်အမေရိကတိုက်၊ အာဖရိကတိုက်နှင့် အာရှတိုက်တို့တွင် အဓိကစိုက်ပျိုးနေကြသည်။ အာရှတိုက်တွင် ပီလောပီနံ စိုက်ပျိုးမှုမှာ တစ်ကမ္ဘာလုံး၏ ၃၀ ရာခိုင်နှုန်းရှိလာခဲ့ပြီး ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ပီလောပီနံထွက်ရှိမှု အများဆုံးနှင့် နိုင်ငံခြားတင်ပို့မှု အများဆုံးနိုင်ငံလည်း ဖြစ်သည်။

ပီလောပီနံပင် စိုက်ပျိုးပြီး ရှစ်လခန့်တွင် ဥများကို စတင်တူးဖော်နိုင်ပြီဖြစ်သည်။ ပီလောပီနံဥကို ရေဖြင့်ပြုတ်၍ တိုက်ရိုက်စားသုံးနိုင်သလို စားသောက်ကုန်ပစ္စည်းများအဖြစ် အချိုမှုန့်၊ နို့မှုန့်၊ ကော်မှုန့်၊ ခေါက်ဆွဲ၊ ကြာဆံ စသည်တို့အပြင် မုန့်အမျိုးမျိုးလည်း ပြုလုပ်နိုင်သည်။ ထို့ပြင် အဖျော်ယမကာများ၊အိမ်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစားအစာများတွင်လည်း ထည့်သွင်းအသုံးပြုလျက်ရှိသည်။

ပီလောပီနံရွက် အနုများကို အသားဟင်းထဲတွင် ထည့်ချက်၍ ရသကဲ့သို့ အရွက်ကို ကြော်စားခြင်း၊ ဟင်းချိုချက်သောက်ခြင်းနှင့် ပြုတ်တို့ခြင်းများ ပြုလုပ်နိုင်သည်။ ပီလောပီနံရွက်သည် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အအေးမိခြင်း၊ အဆစ်ရောင်နာနှင့် ခံတွင်းအနာများကို သက်သာစေနိုင်သည့် အာနိသင်ရှိသည်။ သံဓာတ်၊ ဖောလိတ်နှင့် ဗီတာမင်စီဓာတ်များ ကြွယ်ဝစွာ ပါဝင်မှုကြောင့် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်တွင် သွေးအားနည်းခြင်း မဖြစ်စေရန်နှင့် ကိုယ်ခံအားကောင်းစေရန် စားပေးသင့်သည်။ သို့သော် ပီလောပီနံသည် ကျန်းမာရေးကောင်းကျိုးများစွာရှိသော်လည်း အလွန်အကျွံ စားသုံးပါက ဆိုးကျိုးများလည်းရှိသည်။

ပီလောပီနံမှာ စိုက်ပျိုးရလွယ်ကူပြီး သီးထပ်သီးညှပ်အဖြစ် ပီလောပီနံ စိုက်ခင်းများထဲတွင် သက်တမ်းတို ဟင်းသီးဟင်းရွက်များ၊ ပြောင်းနှင့် နေကြာတို့ကိုလည်း ကြားသီးနှံအဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ပီလောပီနံပင်သည် ရောဂါနှင့် ပိုးမွှားဒဏ်ကို အသင့်အတင့် ခံနိုင်ရည်ရှိပြီး ဓာတုဆေးဝါးသုံးစွဲမှု အနည်းငယ်ဖြင့် အဆင်ပြေမည်ဖြစ်ကာ စိုက်ပျိုးသူ လုပ်သားများ၊ စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း နည်းပါးစေသည်။

မြန်မာနိုင်ငံတွင် ပီလောပီနံပင်ကို ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကနဦး စိုက်ပျိုးခဲ့ရာမှာ ယခုအချိန်တွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေကြပြီဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျောင်းကုန်းနှင့် သာပေါင်းမြို့နယ်များတွင် ပီလောပီနံပင်ကို အဓိက စိုက်ပျိုးလျက်ရှိကြသည်။ ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုလျှင် ပီလောပီနံ စိုက်ဧရိယာ သုံးသောင်းကျော်ရှိပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ပိဿာ ၃၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ယခင်က ပီလောပီနံပင်ကို မိရိုးဖလာ မြေပုံစနစ်ဖြင့်သာ စိုက်ပျိုးခဲ့ရာမှ ယခုအချိန်တွင် ခေတ်မီနည်းစနစ်များကို အသုံးပြုကာ စိုက်ဘောင်စနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းလည်း တိုးလာသည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ပီလောပီနံမှုန့် ဝယ်လိုအားများသည့် နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံမှာ ယင်းနိုင်ငံတို့နှင့် နီးစပ်မှု ရှိနေခြင်းကြောင့် အရည်အသွေးမီ ပီလောပီနံများ ထွက်ရှိပါက ဈေးကွက်ရရှိရန် ခက်ခဲမည်မဟုတ်ပေ။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးသည် ပီလောပီနံ အများဆုံး စိုက်ပျိုးလျက်ရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး နှစ်စဉ်စိုက်ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးလျက်ရှိရာ ကျုံပျော်ခရိုင်နှင့် ဟင်္သာတခရိုင်တို့တွင် ပီလောပီနံ အဓိကစိုက်ပျိုးလျက်ရှိကာ ကျုံပျော်ခရိုင်သည် ပီလောပီနံ စိုက်ပျိုးရာတွင် ရေခံမြေခံ ကောင်းမွန်၍ နှစ်စဉ်စိုက်ဧက ၂၀၀၀၀ ဝန်းကျင်ခန့် အများဆုံး စိုက်ပျိုးလျက်ရှိသည်။

ဒေသမျိုးများမှာ အထွက်နှုန်း တစ်ဧကလျှင် ပိဿာ ၂၅၀၀ ခန့် မှ ၄၅၀၀ ခန့်သာရှိပြီး အထွက်ကောင်းမျိုးများမှာ ပိဿာ ၄၀၀၀ မှ ၁၀၀၀၀ အထိ သွင်းအားစုပေါ် မူတည်၍ အထွက်ရရှိနိုင်သည်။ ကျုံပျော်ခရိုင်မှ ထွက်ရှိလာသော ပီလောပီနံများကို ပီလောပီနံ အချောမှုန့်၊ ကော်မှုန့်များ ပြုလုပ်၍ ပြည်တွင်းဈေးကွက်အဖြစ် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်း စသည့် မြို့ကြီးများမှ အဓိကဝယ်ယူလျက်ရှိပြီး ပီလောပီနံအမှုန့်ကို ငါးမုန့်၊ သာဂူစေ့၊ ဝေဖာ၊ အချိုရည်၊ ကြာဆံ၊ ငရုတ်ဆီ၊ မုန့်လုပ်ငန်းမျိုးစုံ၊ အရက်ချက်စက်ရုံနှင့် စက္ကူစက်ရုံ စသည့် ထုတ်ကုန်အမျိုးမျိုးတွင် သုံးစွဲလျက်ရှိသည်။

ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများရှိ City Mart များတွင်လည်း ပီလောပီနံအမှုန့်ထုတ်ကုန်နှင့် ပီလောပီနံဖြင့် ပြုလုပ်ထားသည့် စား သောက်ကုန်များကိုလည်း ရောင်းချလျက်ရှိပြီး ပီလောပီနံမှုန့် တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ပီလောပီနံ စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန် အစာအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။

"အမှုန့်က အခုလက်ရှိ ဖောက်သည်ဈေး တစ်ပိဿာကို ၃၀၀၀ ဝန်းကျင်ရှိတယ်။ သူကတက်လည်းမတက်ဘူး၊ ကျလည်းမကျဘူး။ အခုက အတောင့်လိုင်းကပြီးသွားပြီ။ အချောအမှုန့်လိုင်းပေါ့။ ပီလောပီနံမှုန့်ပေါ့။ သူကတော့ အစုံလုပ်လို့ရတယ်။ ဂျုံအစားထိုးလုပ်လိုရတယ်။ သာဂူစေ့ လုပ်လို့ရတယ်။ တောင်သူကတော့ တက်ဖို့မျှော်လင့်တာပဲ။ အရင်ကာလတွေတုန်းကတော့ တစ်ပိဿာကို ကျပ် ၂၈၀၀-၃၀၀၀ ပေါ့။ တရုတ်ဘက် ဝယ်ကြတာများတယ်။ သူတို့ကတော့ အမှုန့်ဝယ်ပြီး ကုန်ချောထုတ်ကြတယ်။ တောင်သူကတော့ ဒါမှပဲ အဆင်ပြေကြတာပေါ့"ဟု ကျုံပျော်မှ ပီလောပီနံစိုက်လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

လက်ရှိအချိန်တွင် ကျုံပျော်မြို့နယ်မှ စက်မှုကုန်ကြမ်း ပီလောပီနံကွင်းခြောက်များကို မလေးရှားနှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ၎င်းနိုင်ငံများရှိ စားသောက်ကုန်များတွင် တွင်ကျယ်စွာ သုံးစွဲလျက်ရှိကြောင်း၊ ပီလောပီနံကွင်းခြောက်များကို ပင်လယ်ရေကြောင်းခရီးဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ခန့်ဖြင့် စုစုပေါင်း ၂၉၇ တန် တင်ပို့နိုင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့လည်း မြန်မာ့ပီလောပီနံ တင်ပို့ရန် ဆွေးနွေးလျက်ရှိကြောင်း ပီလောပီနံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနေသော လုပ်ငန်းရှင်ထံမှ သိရသည်။

ထိုကဲ့သို့ပြည်ပဈေးကွက် ရှာဖွေနေသည့် ဧရာဝတီတိုင်းဒေသကြီးထွက် ပီလောပီနံမှာ မကြာမီကာလများတွင် ပြည်ပဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက် ဝင်ရောက်လာနိုင်မည်ဟု မျှော်လင့်ရပါသည်။

**Source; doa.gov.mm, gov.mm, wikipedia**

## ရော်ဘာ တစ်ဧက ပေါင်တစ်ထောင်နှင့်အထက် ထွက်ရှိရေး စီမံချက်ရေးဆွဲ

ရော်ဘာစိုက်ပျိုးဧကများတွင် ပန်းတိုင်အထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် တစ်ဧက ပေါင် ၁၀၀၀ နှင့်အထက် ထွက်ရှိရေး စီမံချက် ရေးဆွဲဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲက သိရသည်။ မြန်မာနိုင်ငံ၌ ရော်ဘာ သီးနှံစိုက်ဧက ၁ ဒသမ ၆ သန်း ဝန်းကျင်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

အထွက်နှုန်းတိုးရန် သုတေသနပြုရေးဆွဲထားသည့်နည်းလမ်းများရှိပြီး သက်တမ်းလွန်ပင်အိုများကို ခုတ်လှဲပြီး မျိုးကောင်းမျိုးသန့်များပြန်လည်အစားထိုး ရွေးချယ်စိုက်ပျိုးသွားမည်ဆိုပါက အထွက်နှုန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ရော်ဘာတန်ချိန် ၃၄၆၇၇၀ ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပသို့ တန် ၂၉၉၆၄၀ တင်ပို့နိုင်ခဲ့ကာ စုစုပေါင်း ထုတ်လုပ်မှု၏ ၈၆ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့နိုင်ခဲ့၍ အမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ဝ၄၂ သန်း ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၂၇ ဒသမ ၄၉ ပေါင် ထွက်ရှိရာမှ ပေါင် ၁၀၀၀ နှင့်ထွက်ထိ ပန်းတိုင်အထွက်နှုန်းရရှိရန် ဆောင်ရွက်နေပြီး ပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရရှိနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုတိုး**

# အညာဒေသ ထန်းပင်အလှ၊ တစ်ပင်လုံးအသုံးဝင် ထန်းပင်နှင့် ထန်းပင် ထုတ်ကုန်မျိုးစုံအဖုံဖုံ

စန္ဒာစိုးလွင်(မကွေး)



### အညာဒေသထန်းပင်အလှ

မြန်မာနိုင်ငံတွင် အညာဒေသ၏ အလှ၊ ပြယုဂ်တစ်ခု၊ သဘာဝ၏ လက်ဆောင်မွန် ထန်းပင်များမှာ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်ပေးလျက်ရှိသည်။

### ထန်းပင်ပေါက်ရောက်ရာ ဒေသများ

ထန်းပင်သည် ဓာတ်မြေဩဇာမလို၊ ပိုးသတ်ဆေးမလို၊ ရေသွင်းပေးရန်မလိုဘဲ သဘာဝအလျောက် ရှင်သန်နိုင်သော အပင်ဖြစ်သည်။ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံကဲ့သို့သော ပူပြင်းသည့် နိုင်ငံများတွင် အများအပြားတွေ့နိုင်သည်။ မြန်မာနိုင်ငံတွင်မူ မြေလတ်ဒေသနှင့် အထက်ပိုင်းရှိ ပူပြင်းခြောက်သွေ့သော ဒေသများတွင် အများဆုံးတွေ့ရလေ့ရှိသည်။ အောက်ပိုင်းဒေသများဖြစ်သည့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးများတွင်လည်း အနည်းငယ် ပေါက်ရောက်လျက်ရှိသည်။

### ထန်းပင် အသုံးဝင်ပုံ

ထန်းအဖိုပင်မှ ထန်းရည်အချိုကို ပထမဦးဆုံး ထုတ်လုပ်ပြီး ကျိုချက်ရရှိသည့်ထန်းလျက်ကို 'ထန်းဖိုဦးထန်းလျက်'ဟုခေါ်ပြီး ဆေးဖက်အလွန်ဝင်သော ထန်းလျက်ဖြစ်သည်။ အဆိုပါ ထန်းဖိုဦးရာသီသည် အချိန်ကာလအားဖြင့် အလွန်တိုတောင်းသဖြင့် 'ထန်းဖိုနုအသက်ခုနစ်ရက်'ဟုပင်ဆိုကြသည်။ ထန်းဖိုပင်သည် ထန်းရည်ကို တပို့တွဲနှင့် တပေါင်းလတို့တွင် လှိုင်လှိုင်ထွက်ပြီး ထန်းအမပင်သည် ကဆုန်လမှ ဝါခေါင်လအထိ ထွက်ရှိသည်။ အရည်သည် ထန်းနို့ လေးခိုင်၊ ငါးခိုင်၊ ခြောက်ခိုင်ထွက်ပြီး ထန်းမပင်သည် မိုးရာသီနှင့် ထန်းဖိုပင်သည် နွေရာသီတွင် ထန်းရည်ထွက်ရှိသည်။ ထန်းပင်တစ်ပင်သည် ပျမ်းမျှတစ်နေ့လျှင် တစ်မြူလျှင် သုံးပုလင်းမှ လေးပုလင်းခန့်အထိရှိသော ထန်းရည်ချိုနှစ်မြူထွက်ရှိသည်။ အချို့အပင်များသည် တစ်နေ့လျှင် အနည်းဆုံး တစ်မြူနှစ်မြူနှင့် အချို့အပင်များသည် အများဆုံး လေးမြူမှ ငါးမြူခန့်အထိထွက်ရှိပြီး ထန်းပင်သက်ရင့်လေ အရည်အထွက် ကောင်းလေဖြစ်သည်။ ထန်းဖိုပင်သည် တစ်နှစ်လျှင် ထန်းရည် ထွက်သည့်ရက်ပေါင်း ၆၀ ရှိရာ တစ်ရက်လျှင်နှစ်မြူနှုန်း ထွက်ရှိနိုင်သည်။ ထန်းလျက်အနေဖြင့်မူ တစ်ရက်လျှင် တစ်ပင်မှ ၅၀ ကျပ်သားနှုန်းနှင့်ထန်းရည်မြူ ၂၀ မှ ၅၀ ကျပ်သားနှုန်း ထွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအထက်ပိုင်း၌ ထန်းတောများကို အများအပြားတွေ့ရှိရပြီး ထန်းပင်များမှာ မြန်မာ့စီးပွားရေး၌ အရေးပါသောအပင်တစ်မျိုးဖြစ်ပေသည်။ ထန်းပင်သည် အကိုင်းအခက်အလက်မှ စ၍ ပင်စည်၊ အမြစ်ထိ အသုံးဝင်သည်။ ကျေးလက်ဒေသများ၌ ထန်းရွက်ကို အမိုး၊ အကာအဖြစ် အသုံးပြုကြသည်။ ထန်းလက်များကို နှီးဖြာ၍ ထန်းကြောဖျာ၊ ထန်းခေါက်ဖာများ ရက်လုပ်နိုင်သည်။

ထန်းသားသည် အတွင်းသား ပျော့သော်လည်း အပြင်သားမှာ မာကျောသဖြင့် တိုင်၊ ရေတံလျှောက်၊ လှေ စသည်များ ပြုလုပ်ရာ၌ အသုံးပြုကြသည်။ ထန်းရွက်များဖြင့် ယပ်တောင်၊ ဖျာ၊ တောင်း၊ ပလုံး၊ ဦးထုပ်များကို ပြုလုပ်ကြသည့်အပြင် အိမ်မိုးရာ၌လည်း အသုံးပြုတတ်ကြသည်။ ရွက်လယ်ကြောများနှင့် ထန်းပင်မှရရှိသော အမျှင်များကို ဝက်မှင်ဘီးနှင့် ကြိုးပြုလုပ်ကြသည့်အပြင် ရွက်လယ် ကြောများကို တံမြက်စည်းအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။ ထန်းပင်၏အလက်များကို ကုလားထိုင်များ၊ ထိုင်ခုံများ၊ စားပွဲများအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။ ထန်းသီးနုများအား စားသုံးခြင်း၊ နွားများအားကျွေးခြင်း၊ ထန်းစေ့မှ ထန်းမြစ်အား စားသုံးနိုင်ခြင်း၊ ထန်းပင်မှထွက်သော ထန်းရည်အား ထန်းဦးရည်၊ ထန်းရည်အဖြစ် သောက်သုံးရနိုင်သလို ထန်းရည်ကိုကျိုချက်၍ ထန်းလျက် ပြုလုပ်ခြင်း၊ ထန်းလျက်အမှုန့်အဖြစ်ပြုလုပ်၍ ပြည်ပသို့တင်ပို့ခြင်း၊ မြန်မာ့ရိုးရာ မုန့်များဖြစ်သည့် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ သာဂူ၊ ဂျုံယို၊ မုန့်ကျွဲသဲ၊ မြေပဲယို၊ နှမ်းယို၊ ပဲလိပ်အစရှိသဖြင့် မြန်မာ့ရိုးရာမုန့်များတွင်လည်း ထည့်သွင်းအသုံးပြုနိုင်သည်။ ထန်းရွက်ပုတီးများ ပြုလုပ်ကာ အညာဒေသ ဘုရားပွဲတော်များတွင် ရောင်းချကြရာ နိုင်ငံခြားသားများ အလွန်ကြိုက်နှစ်သက်ကြသည်။

### ဆေးဖက်ဝင်ပုံ

ထန်းပင်သည် မြေဆီလွှာဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်သည့် အပင်မျိုးဖြစ်သည်ဟု စိုက်ပျိုးရေး ပညာရှင်များက အဆိုပြုထားကြသည်။ ထန်းရည်တွင် ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် အမိုင်နိုအက်စစ်များ အပါအဝင် အာဟာရဓာတ်များစွာ ပါဝင်သည်။ အစာချေဖျက်မှုကို တိုးတက်စေခြင်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်း၊ အရိုးကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ စိတ်ဖိစီးမှုကို လျော့ပါးစေခြင်း၊ အရေပြားကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းညှိပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။ ထန်းရည်ကို ချက်လုပ်ခြင်း အားဖြင့် ရရှိလာသော ထန်းလျက်ခဲကို စားသုံးခြင်းဖြင့် ကိုယ်တွင်းရေဓာတ်ကို ဖြည့်ပေးခြင်း၊ ခွန်အားကို ပြည့်စေခြင်း၊ ကြွက်သားများကို ကျန်းမာစေခြင်း၊ အကျိုးပြုအမျှင်ဓာတ်များပါဝင်သဖြင့် အူတွင်းမှ အကျိုးပြု ဘတ်တီးရီးယားများကို အထောက်အပံ့ပေးခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ ကင်ဆာဖြစ်စေနိုင်သည့် အရာများကို တိုက်ထုတ်ပေးခြင်း၊ အစာကြေလွယ်ခြင်း၊ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးခြင်း၊ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။


### ထန်းပင်မှထွက်ရှိသည့် ဒေသတွင်းထွက်ကုန်များ

ယခုအခါ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)တစ်ခုအနေဖြင့် ထန်းရည်ဝိုင်ပုလင်းနှင့် ထန်းရည် ဘီယာသံဘူးများဖြင့် Value Added Product အဖြစ်ပြုပြင်ဖန်တီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချ၍ အရောင်းသွက်နေကြောင်း သိရှိရသည်။ ထန်းလျက်ကို အသုံးပြု၍ ဒေသတွင်းထွက်ကုန်များဖြစ်သည့် ပေါက်ပေါက်ဆုပ်၊ အုန်းထန်းလျက်၊ ဆီးထန်းလျက်၊ နို့ထန်းလျက်၊ မုန့်ပဲသရေစာ အမျိုးမျိုးတွင် အချိုအဖြစ်ထည့်သွင်း၍လည်းကောင်း၊ ဒိန်ချဉ်တွင် ထည့်သွင်း၍ လည်းကောင်း ထုတ်လုပ်ရောင်းချသည့်အပြင် ထန်းပင်ကို ခုတ်လဲ၍ အချောသပ်ကာ ရွှေပေါ်ထိုးပြီး ပေါလစ်ဆီ အရောင်တင်ခြင်းဖြင့် မြန်မာ့ရိုးရာအလှကုန်အဖြစ် ဟိုတယ်ကြီးများနှင့် အိမ်ခြံဝင်း၊ မြက်ခင်းပြင်များပေါ်တွင် အလှပန်းအိုးများအဖြစ် တခမ်းတနား အသုံးပြုလျက်ရှိသည်။

### နိဂုံး

ထန်းပင်သည် မုန်တိုင်း၏ အရှိန်အဟုန်ကို တွန်းလှန်ပေးခြင်း၊ သဲမြေတိုက်စားပြုန်းတီးမှုကိုလည်း ကာကွယ်ပေးသဖြင့် စဉ်ဆက်မပြတ် စိုက်ပျိုးသင့်သည့် နှစ်ရှည်ပင်လည်းဖြစ်သည်။ ဧကဖွဲ့ စိုက်ပျိုးနိုင်ခြင်း၊ လယ်၊ ယာ၊ အိမ်ခြံများတွင် ခြံစည်းရိုးတစ်လျှောက် မြေနေရာသီးသန့်မယူဘဲ စိုက်ပျိုးနိုင်သဖြင့် ခြံစည်းရိုးမှ ဝင်ငွေရအောင် စိုက်ပျိုးနိုင်သော နှစ်ရှည်သီးနှံပင် တစ်မျိုးလည်းဖြစ်သဖြင့် ဒေသတွင်း စီးပွားရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

## မြန်မာ့ကောက်ညှင်းဆန် ပြည်ပဈေးကွက်သစ်များသို့ တင်ပို့နိုင်ရေးစီစဉ်



မြန်မာ့ကောက်ညှင်းဆန်ကို ပြည်ပနိုင်ငံများရှိ ဈေးကွက်သစ်များထံသို့ တင်ပို့နိုင်ရေး စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ မြန်မာ့ကောက်ညှင်းဆန်အားလက်ရှိတွင် တရုတ်ဈေးကွက်တစ်ခုတည်းကိုသာ အားထားတင်ပို့နေပြီး ဈေးကွက်အလားအလာရှိသည့် အခြားပြည်ပဈေးကွက်အသစ်များထံသို့ တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုဘဏ္ဍာနှစ်တွင် ကောက်ညှင်းပို့ကုန် မြှင့်တင်ရန် စီမံချက်ချမှတ်ထားပြီး အရည်အသွေးကောင်း ကောက်ညှင်းဆန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ export တိုးမြှင့် တင်ပို့နိုင်ရေး စီစဉ်လျက်ရှိသည်။

ယင်းသို့ ပြည်ပနိုင်များရှိ ဈေးကွက်များထံ ကောက်ညှင်းဆန်အား တင်ပို့မည်ဆိုပါက မျိုးကောင်း မျိုးသန့်ရရှိရေး၊ အထွက်နှုန်းကောင်းရေး၊ အရည်အသွေး တည်ငြိမ်ကောင်းမွန်ရေး၊ အရောအနှော ကင်းစင်ရေးအတွက် ပြင်ဆင်သွားရဖွယ်ရှိနေပြီး တောင်သူများပါဝင်သည့် အကျိုးတူ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရေးအတွက် စီစဉ်လျက်ရှိသည်။

လက်ရှိ ကောက်ညှင်းဆန်ဈေးအနေဖြင့် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ မှ ၂၀၀၀၀၀ ဝန်းကျင်ရှိပြီး ဈေးကောင်းရရှိနေခြင်းကြောင့် တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးထားလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရသည်။

**ကိုတိုး**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၄၁၂၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၀၁၈ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်း ရွှေဈေးသည်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၆၁၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျပ် ၈၄၅၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇၅ ဘီလီယံရှိကြောင်းသိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ခန့်မှန်းထားခဲ့သည်ကို တွေ့ရှိရသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာငွေ လဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၃-၁၀-၂၀၂၅ | ၂၄-၁၀-၂၀၂၅ | ၂၇-၁၀-၂၀၂၅ | ၂၈-၁၀-၂၀၂၅ | ၂၉-၁၀-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၂.၇၈၇ | ၃၂.၇၆၁ | ၃၂.၆၉၅ | ၃၂.၄၉၃ | ၃၂.၂၈၈ | -၁.၅၂ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၂၉၉ | ၁.၂၉၉ | ၁.၂၉၈ | ၁.၂၉၅ | ၁.၂၉၆ | -၀.၂၃ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၂၂၉ | ၄.၂၂၃ | ၄.၂၁၆ | ၄.၂၀၁ | ၄.၁၉၃ | -၀.၈၅ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၆၆၁၄ | ၁၆၆၁၁ | ၁၆၆၁၄ | ၁၆၆၁၁ | ၁၆၆၁၄ | ၀.၀၀ | - |
| ၆ | Chinese Yuan | CNY | ၇.၁၂၃ | ၇.၁၂၂ | ၇.၁၁၂ | ၇.၁၀၀ | ၇.၁၀၀ | -၀.၃၂ | ⬇ |
| ၇ | Indian Rupee | INR | ၈၇.၈၆၆ | ၈၇.၇၉၃ | ၈၈.၂၇၂ | ၈၈.၂၇၂ | ၈၈.၂၇၂ | ၀.၄၆ | ⬆ |
| ၈ | Japanese Yen | JPY | ၁၅၂.၅၈၀ | ၁၅၂.၉၆၁ | ၁၅၂.၉၃၅ | ၁၅၁.၉၂၅ | ၁၅၂.၃၃၉ | -၀.၁၆ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၅၃၆ | ၁.၅၄၀ | ၁.၅၃၀ | ၁.၅၂၇ | ၁.၅၁၆ | -၁.၃၀ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၆၂ | ၀.၈၆၁ | ၀.၈၆၁ | ၀.၈၅၈ | ၀.၈၆၀ | -၀.၂၃ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၉ | ၀.၇၅၁ | ၀.၇၅၁ | ၀.၇၅၁ | ၀.၇၅၇ | ၁.၀၇ | ⬆ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၉ ရက်ထိ ရက်သတ္တပတ်အတွင်း ၄၀၇၀-၄၀၈၀ ကျပ်ကြားရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၄၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၃ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။

ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂၊ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၇၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၂၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၉ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၈၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၄၃၊ ပေါင်းဆန် (၅ %) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၄ ဖြင့် အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

Thai Rice Exporter Association တွင် ဖော်ပြချက်အရ ၂၀၂၅ ခုနှစ် အောက်တိုဘာ နောက်ဆုံးပတ်တွင် ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၆၇မှ ၃၇၂)၊ ဧည့်မထ (၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၅၁ မှ ၃၅၇)၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၄၇ မှ ၃၅၂)နှင့် ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၆၄ မှ ၃၆၉)၊ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ (၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ မှ ၃၇၃၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၄ မှ ၃၅၇ နှင့် အိန္ဒိယနိုင်ငံတွင် ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ မှ ၃၅၄ သို့ ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ (၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၇ မှ ၃၃၄၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၄ မှ ၃၁၃ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၅ %) ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၄ မှ ၃၅၈၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၉ မှ ၃၄၃ ဖြင့် ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

မြန်မာ့ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက် (လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ(အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀ မှ ၁၂၈၀၀၀ ပေါက်ဈေးရှိပြီး ရေဘိုပေါ်ဆန်း (အဟောင်း) ဆန်တစ်အိတ်လျှင် ကျပ် ၁၀၈၀၀၀ မှ ၁၁၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၄၇၀၀၀ မှ ၄၉၀၀၀ ကြားနှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ မှ ၅၃၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာလ ၂၄ ရက်နေ့ အထိ (ယာယီ) စာရင်းများအရ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန် ချိန် ၇၆၁၃၂၂ ဒသမ ၄၂၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၀ ဒသမ ၀၆၂ သန်း၊ ဆန်ကွဲ တန်ချိန် ၆၇၁၁၁၈ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၆၁၅ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲတင်ပို့နိုင်မှု တန်ချိန် ၁၄၃၂၄၄၀ ဒသမ ၉၂၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၄ ဒသမ ၆၇၇ သန်း ရရှိထားပြီး ယခင်နှစ် ကာလတူတွင် ဆန်တန်ချိန် ၆၉၄၃၇၁ ဒသမ ၅၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၇ ဒသမ ၃၄၇ သန်း၊ ဆန်ကွဲ တန်ချိန် ၅၈၄၆၅၉ ဒသမ ၅၀၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၃၁၃ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၂၇၉၀၃၁ ဒသမ ၀၁၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၇ ဒသမ ၆၆၀ သန်း တင်ပို့ခဲ့ပါသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ ဆန်ကွဲ တန်ချိန် ၁ ဒသမ ၅၃သိန်း(၁၂ %)ပိုမိုတင်ပို့နိုင်သည်။ သို့သော် ဗီယက်နမ်၊ ထိုင်းနိုင်ငံများနည်းတူ ကမ္ဘာ့ဆန်ဈေးကွက်ပေါက်ဈေးလိုက်၍ ယခင်နှစ်ကာလတူထက် ဆန်ဈေးနှုန်း ကျဆင်းမှုများရှိသဖြင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၉၈၃ သန်း လျော့နည်းရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၅ ခုနှစ်၊အောက်တိုဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော(အသစ်)တစ်အိတ်လျှင် ၂၉၈ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၅၇၆ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၁၂၇ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကိုလေ့လာကြည့်ပါက ဧည့်မထ ဆန် တစ်ပြည်လျှင် လားရှိုးမြို့တွင် ကျပ် ၅၀၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် ဧည့်မထ ဆန်တစ်ပြည်လျှင် ကျပ် ၂၆၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ပေါ်ခဲ့သည်ကို တင်ပြအပ်ပါသည်။

## မိတ္ထီလာမြို့ တိရစ္ဆာန်အစာ ဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မိတ္ထီလာမြို့ဈေးကွက်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များမှ ထုတ်လုပ်သည့် တိရစ္ဆာန်အစာများနှင့် ကုမ္ပဏီကြီးများမှတင်သွင်းသည့် တိရစ္ဆာန်အစာများကို ဒေသတွင်းမွေးမြူသည့် နွား၊ ဆိတ်၊ ကြက်၊ ဝက် အစရှိသည့် မွေးမြူရေးလုပ်ငန်းများနှင့် အခြားဒေသများသို့ ပါ တင်ပို့ရောင်းချကြသည်။

ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ထုတ်လုပ်သည့် တိရစ္ဆာန်အစာဈေးနှုန်းများမှာ ပဲဖတ်အခွံပါ တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ပဲဖတ်အသန့် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ဝါဖတ်အပွဖတ် တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ဝါဖတ်အကျစ်ဖတ် တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ နှမ်းဖတ် တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ ပဲခွံ တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ဆန်ဖွဲနု ၁၀ ပိဿာတစ်အိတ်လျှင် ကျပ် ၂၄၅၀၀၊ ဆန်ဖွဲနုကြမ်း ၂၅ ပိဿာတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ ဆန်ကွဲရှယ် ၂၇ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ ကြက်ကလေးစာ ၆၀၁၀ (50)kg တစ်အိတ်လျှင် ကျပ် ၁၃၆၀၀၀၊ ကြက်ကြီးစာ ၆၀၂၀ (50)kg တစ်အိတ်လျှင် ကျပ် ၁၃၀၃၀၀၊ ဝက်ကြီးစာ (25)kg တစ်အိတ်လျှင် ၃၈၅၅ ကျပ် ၅၇၃၀၀၊ ဝက်ကြီးငယ် ၃၈၂၅ (25)kg တစ်အိတ်လျှင် ကျပ် ၈၂၃၀၀ ဖြစ်သည်။ ယခင်လနှင့် ကာလတူ နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများအပြင် ရမည်းသင်း၊ ပျော်ဘွယ်၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ အောင်ပန်း၊ လွိုင်ကော်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း တိရစ္ဆာန် အစာရောင်းဝယ်ရေးလုပ်ငန်းများမှသိရသည်။

**မြို့ရိုး (DOCA၊မိတ္ထီလာ)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက် Global Petrol Prices Website တွင် ယခုတစ်ပတ်အတွက် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ရုရှားနိုင်ငံသည် ယခုတစ်ပတ်တွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး လူဇင်ဘတ်နှင့် တရုတ်(တိုင်ပေ)တို့တွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဆီးရီးယားနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဖော်ပြချက်အရ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ အာဖဂန်နစ္စတန်၊ အာမေးနီးယား၊ ခရိုအေးရှား၊ အီဂျစ်၊ ဖင်လန်၊ လီဆိုသို၊ ပနားမား၊ ပါရာဂွေး၊ ပီရူး၊ ပိုလန်၊ ပေါ်တူဂီ၊ သီရိလင်္ကာနှင့် ဇမ်ဘီယာ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၉ နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဗီယက်နမ်၊ ဂျပန်၊ ပါကစ္စတန်၊ အီတလီ၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ချက်၊ ဟန်ဂေရီ၊ ဂွါတီမာလာ၊ နိုင်ဂျီးရီးယားနှင့် အာဂျင်တီးနား စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ ကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေကြောင်း လေ့လာ တွေ့ရှိရသည်။

ထို့အပြင် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဆီဈေးနှုန်းအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် တူရကီ (တူကီယဲ) နိုင်ငံသည် ယခုတစ်ပတ်တွင် ၅ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆွီဒင်နိုင်ငံတွင် ၅ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဒိန်းမတ်နိုင်ငံတွင် ၄ ရာခိုင်နှုန်း ၃၀ ရာခိုင်နှုန်းနှင့် လူဇင်ဘတ်နိုင်ငံတွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်းနှင့် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ တရုတ်၊ အိန္ဒိယ၊ အာဖဂန်စ္စတန်၊ ဇမ်ဘီယာ၊ အီဂျစ်၊ ပီရူး၊ ကာတာ၊ ပါရာဂွေး၊ ဂျော်ဒန်၊ နယူးဇီလန်၊ ချီလီ၊ မက္ကဆီကို၊ ပနားမား၊ မော်ရိုကိုနှင့် သီရိလင်္ကာ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၆ နိုင်ငံတွင် ယခင်တစ်ပတ် ဒီဇယ်ဆီဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး မြန်မာ၊ ဗီယက်နမ်၊ မလေးရှား၊ ဂျပန်၊ ပါကစ္စတန်၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ ဂရိ၊ နယ်သာလန်၊ အာဂျင်တီးနား၊ ချက်နှင့် နိုင်ဂျီးရီးယား စသည့် နိုင်ငံများပါဝင်ကြောင်းနှင့် ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၈၈ | ၀.၇၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၈ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၃၂ | ၀.၉၆ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၇ | ၀.၆၉ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၂ | ၁.၉၀ |
| ၆ | မလေးရှား | လီတာ | ၀.၆၂ | ၀.၆၉ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၁ | ၀.၉၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၂ | ၀.၉၄ |
| ၉ | လာအို | လီတာ | ၁.၃၂ | ၀.၈၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၇ | ၀.၉၄ |
| ၂ | ဂျပန် | လီတာ | ၁.၁၅ | ၀.၁၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၄ | ၁.၀၃ |

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၉၁၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၅၃၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၆၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၆၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၇၇၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၃၉၅ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၇၆၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၃၈၀ ကျဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ၃၀ ကျပ် နှင့် ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၀၀ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ဆေးဖက်ဝင် ဈေးကွက်ဝင်နေသော ရှားစောင်းလက်ပပ်

နတ်ဆေးပင် (ခေါ်) ရှားစောင်းလက်ပပ်အပင်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိရပ်ကွက်နှင့် ကျေးရွာများ၊ နေအိမ်များတွင် အများအပြား စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။ ရှားစောင်းလက်ပပ်အပင်သည် မြေကြီးအစိုဓာတ် အသင့်အတင့်ရရှိရုံဖြင့် စိုက်ပျိုးနိုင်ပြီး နေ့စဉ်လုပ်အားခမကုန်၊ ရင်းနှီးစရိတ်မကုန်ဘဲ ဝင်ငွေရရှိနိုင်သည့် အပင်လည်းဖြစ်သည်။ အိမ်တိုင်းတွင် စိုက်ထားသင့်သည့် အပင်ဖြစ်ပြီး နတ်ဆေးပင်(ခေါ်) ရှားစောင်းလက်ပပ်ပင်မှာ များစွာအသုံးဝင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ရှားစောင်းလက်ပပ်ကို ယခုအခါ လူအများအပြား အသုံးပြုလာကြသည်ကို တွေ့ရသည်။ ရှားစောင်းလက်ပပ်ကို စားသောက်ကုန်များ၊ လူသုံးကုန်များကို ဥပဒေနှင့်အညီ ထုတ်လုပ်လာကြသည်။ ရှားစောင်းလက်ပပ်နှင့် ပြုလုပ်ထားသော စားသောက်ကုန်များမှာ ရှားစောင်းလက်ပပ်သကြားလုံး၊ လက်ဖက်ခြောက်၊ ရှားစောင်းလက်ပပ်အမှုန့်၊ ရှားစောင်း လက်ပပ်လျက်ဆား၊ ရှားစောင်းလက်ပပ်ယို၊ ရှားစောင်းလက်ပပ်ခေါက်ဆွဲ၊ အုန်းတစ်လုံး ဆေး၊ ရှားစောင်းလက်ပပ် အချိုရည် စသည့် ပစ္စည်းများဖြစ်ကြသည်။

လူသုံးကုန် အလှကုန်ပစ္စည်းအနေနှင့် ရှားစောင်းလက်ပပ်ခေါင်းလျှော်ရည်၊ ရှားစောင်းလက်ပပ် ဆံပင်သန်ဆေး၊ အလှဆီ၊ ကိုယ်တိုက်ဆပ်ပြာ၊ ရှားစောင်းလက်ပပ် မျက်နှာသစ်၊ မျက်နှာပေါင်းတင်ဆေး၊ ဆံပင်လိမ်းသည့် ဂျယ်၊ စနိုး၊ မိတ်ကပ်၊ ကိုယ်လိမ်းပေါင်ဒါ၊ လိုးရှင်း၊ တိုနာ စသည့် နေ့စဉ်သုံးပစ္စည်းအလှကုန်မျိုးစုံကိုလည်း ထုတ်လုပ်လာကြသည်။ ရှားစောင်းလက်ပပ် နှင့်ပြုလုပ်ထားသည့် Realmade များကို အသုံးမပြုချင်သူများအတွက် ရှားစောင်းလက်ပပ်ကို အိမ်တွင်စိုက်ပျိုးထားပြီး လိုအပ်သလို အသုံးပြု၍ရသည်။ စားသုံးမည်ဆိုလျှင် စစချင်း တစ်ခါတည်း အများကြီးမစားသင့်ပါ၊ နည်းနည်းချင်းကနေ စပြီးစားသင့်ပါသည်။ ရောဂါကြောင့် ဝမ်းပူခြင်းနှင့် အပူအစပ်စား၍ဝမ်းပူခြင်းအတွက် ရှားစောင်းလက်ပပ်ကို စားလိုက်လျှင် ဝမ်းအေးသွားသည်။ အစာအိမ်ရောင်ခြင်းကိုလည်း သက်သာစေသည်။

စိုက်ပျိုးသူအနေဖြင့် ရှားစောင်းလက်ပပ်ကို အပင်လိုက်သော်လည်းကောင်း၊ အလှပန်းအိုးနှင့် သော်လည်းကောင်း ရောင်းချကြသည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးဆရာများ၊ ၊ ယိုထိုးပြီး ရောင်းချသူများ၊ ကုန်ကြမ်းအဆင့်မှ ကုန်ချောအဆင့်သို့ပြုလုပ်ထားသည့် အလှကုန်၊ စားသောက်ကုန်၊ လူသုံးကုန် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များက ရှားစောင်းလက်ပပ်အပင်ကို ယခုနှစ်တွင် အလျားပေ ၄၀ မှ ၆၀ ဝန်းကျင်ရှိ စိုက်ခင်းတစ်ခုကို ကျပ် ၄၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး အနိမ့်ဆုံးစိုက်ခင်းတစ်ခုကို အပင်ကိုကြည့်ပြီး ကျပ် ၄၀၀၀၀ မှ ၄၅၀၀၀ ပေးဝယ်သည်။ ယခင်နှစ်က အလျားပေ ၄၀ မှ ၆၀ ဝန်းကျင်ရှိစိုက်ခင်းတစ်ခုကို ကျပ် ၃၀၀၀၀၊ အနိမ့်ဆုံး စိုက်ခင်းတစ်ခုကို ကျပ် ၃၀၀၀၀ မှ ၃၅၀၀၀ ဖြင့် ရောင်းချရသည်။ ဇကအလိုက်မဟုတ်ဘဲ ပေနှင့်သာ ရောင်းချရကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် နှိုင်းယှဉ်ပါက ဈေးပိုမိုရရှိလာကြောင်း သိရသည်။ တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရရှိရန် ရှားစောင်း လက်ပပ်အပင်ကို ဆားလင်းကြီးမြို့နယ်တွင် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

ရှားစောင်းလက်ပပ်အပင်မှ အလက်များကို ဓားဖြင့် လှီးဖြတ်၍ တစ်ထပ်ချင်း အစီအရီထပ်ထည့်ပြီး ရှားစောင်းလက်ပပ် အတွင်းသားအနှစ်ကို ခြစ်ယူကာ အနှစ်ကိုပိဿာဖြင့် ရောင်းချရသလို အပင်လိုက်၊ အခင်းလိုက် ပုတ်ပြတ်လည်း ရောင်းချရသည်။ အခင်းလိုက် ပုတ်ပြတ်ဝယ်ယူသည့် ပွဲစားများက ကုန်ကြမ်းမှ ကုန်ချောသို့ တန်ဖိုးမြှင့်ထုတ် ကုန်ထုတ်လုပ်သူများထံ တစ်ဆင့်ရောင်းချကြောင်း သိရသည်။

ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် ရှားစောင်းလက်ပပ်ကို ရှားစောင်းလက်ပပ်ယို၊ အုန်းတစ်လုံးဆေး၊ ဆီးဆေး၊ ဝမ်းမှန်ဆေး၊ ပန်းနာရင်ကြပ်ဆေး၊ အစာအိမ်နာခြင်း အောင့်ခြင်းများအတွက် အထူးသက်သာပျောက်ကင်းစေသည့်ဆေး၊ ဆီးပူခြင်း၊ အပူကန်ခြင်း စသည့်ရောဂါများအတွက်နှင့် ကျန်းမာရေးနှင့် ကိုက်ညီသည့် လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်များစသည့် Value added များ အမျိုးမျိုးပြုလုပ်၍ ထုတ်လုပ်လာကြသည်။ ရှားစောင်းလက်ပပ်ကို သဘာဝပစ္စည်းများဖြစ်သော ပျားရည်တို့ဖြင့် ကျိုချက်စားသုံးပါက အမျိုးသမီးများအတွက် အသားအရေလှပကာ ကျန်းမာဝဖြိုးအလှတိုးစေသည်။ ရှားစောင်းလက်ပပ်အပင်က အောက်ဆီဂျင်ဓာတ်ကို အပေးနိုင်ဆုံးအပင်ဟု သုံးသပ်ကြသည်။ ရှားစောင်းလက်ပပ်အပင်သည် တစ်နှစ် ထက်တစ်နှစ် ဈေးပိုမိုလာပြီး ရှားစောင်းလက်ပပ်အလက်ထဲမှ အဖြူရောင်အနှစ် ဂျယ်လီလေးများသည် "အနှစ်ကလေးကလည်းလှ ဈေးလေးကလည်းကြွ"ဟု ဆိုလာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**သင်းသင်းအေး(မုံရွာ)**

# ပခုက္ကူမြို့တွင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများ အခြေအနေ

ပခုက္ကူမြို့တွင် အောက်တိုဘာလ စတုတ္ထပတ်အတွင်း ဘိလပ်မြေ ဈေးနှုန်းများမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းပြီး ကြံ့နှစ်ကောင် ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ အပါချီ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆိုင်များတွင် လက်ကျန်အခြေအနေ လုံလောက်စွာရှိကြောင်း သိရသည်။

အောက်တိုဘာလ စတုတ္ထပတ်တွင် အသုံးများသော ဓာတ်မြေဩဇာဈေးနှုန်းများမှာ ရွှေနဂါး ယူရီးယား တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ တရုတ်တီစူပါ သံကွင်း (50)kgပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ မြန်မာဩဘာ ရွှေကောမက် (50)kg ပါ တစ်အိတ်လျှင် ကျပ်၁၅၀၀၀၀၊ ဩဘာကွန်ပေါင်း (50)kg ပါ တစ်အိတ်လျှင် ကျပ် ၁၈၅၀၀၀၊ ကောမက်ကွန်ပေါင်း ၁၅း၁၅း၁၅ (50kg)ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ တရုတ်အာမို ၁၆း၁၆း၁၆ (50kg)ပါ တစ်အိတ်လျှင် ကျပ် ၁၇၅၀၀၀၊ အာမို ကွန်ပေါင်း (50)kgပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ဈေးဖြင့် အာမိုမှ ထုတ်လုပ်သော ဓာတ်မြေဩဇာများမှာ ပို၍အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင် တစ်ပတ်ထက် ဈေးနှုန်း အနည်းငယ် ကျဆင်းသွားကြောင်း သိရသည်။

အောက်တိုဘာလ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော ပိုးသတ်ဆေးဈေးနှုန်းများမှာ အာမိုမက်နီဖော့(500)cc တစ်ဘူးလျှင် ကျပ် ၆၅၀၀၀၊ အာမိုမက်နီဖော့ တစ်လီတာတစ်ဘူးလျှင် ကျပ် ၁၁၆၀၀၀၊ မိုစတားတစ်လီတာတစ်ဘူးလျှင်ကျပ် ၆၆၀၀၀၊ အာမိုအီမာ (250)ccတစ်ဘူးလျှင် ကျပ် ၁၇၀၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၃၂၀၀၀၊ တစ်လီတာ တစ်ဘူးလျှင် ကျပ် ၆၀၀၀၀၊ ဂျက်ကက် မင်းမဟော် (100) cc တစ်ဘူးလျှင် ကျပ် ၁၆၀၀၀၊ ဩဘာအဆီဖိတ် (500)gပါ တစ်ထုပ်လျှင် ကျပ် ၃၁၀၀၀၊ ဩဘာငှက်ကြီးတောင် (100)cc တစ်ဘူးလျှင် ကျပ် ၃၅၀၀၀၊ ဩဘာငှက်ကြီးတောင် (250)cc တစ်ဘူးလျှင်ကျပ် ၆၀၀၀၀၊မင်းမဟော်ဖော်ယူဘိုး (500) cc တစ်ဘူးလျှင် ကျပ် ၄၅၀၀၀၊ (250)cc တစ်ဘူးလျှင် ကျပ် ၂၅၀၀၀၊ မင်းမဟော် ဂုတ်မက်ပ် (250)cc တစ်ဘူးလျှင် ကျပ် ၃၆၅၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၆၁၀၀၀ ဈေးနှုန်းအသီးသီးဖြင့် ဒုတိယပတ် ထက် ဈေးနှုန်းအနည်းငယ် ကျဆင်းပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်သည် တောင်သူများ စိုက်ပျိုးချိန်ဖြစ်၍ ပိုးသတ်ဆေးများထက် ဓာတ်မြေဩဇာများမှာ ပို၍အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

**စန်းမြင့်ရီ (ပခုက္ကူ)**

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာ ဈေးနှုန်းဈေးကွက်



### ဘိလပ်မြေ

မော်လမြိုင်မြို့၌ အောက်တိုဘာလ စတုတ္ထတစ်ပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် အေးနေပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေသော ဈေးမှာ ယခုတစ်ပတ်တွင် ကြံ့အသစ် (အပြာ) တစ်အိတ်လျှင် ကျပ် ၂၁၈၀၀၊ ကြံ့တံဆိပ်(အဝါ)တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၊ ကြံ့နှစ်ကောင်(အနီ) တစ်အိတ်လျှင် ကျပ် ၂၀၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

### ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး

အောက်တိုဘာလစတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပုလဲအသေး တရုတ်(ရွှေတောင်) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပိုတက်(မြန်မာ့ဩဘာ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ တီစူပါ(သံကွင်း) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းမှာ ကျပ် ၆၀၀၀ ဖျူရာဒါန် ၅ ဂျီ(မြန်မာ့ဩဘာ)1 Kg ပါ တစ်ထုပ်၊ ကျပ် ၁၈၀၀၀၊ အဆီဖိတ်(ခရု) မြန်မာ့ဩဘာ 500kg ပါ တစ်ထုပ်လျှင် ကျပ် ၂၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

### ရော်ဘာ

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၃၅၀၀ ရှိခဲ့ပြီး စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၂၉ ရက်ထိဈေးနှုန်းမှာ မော်လမြိုင်မြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၇၀၀၊ မုဒုံမြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၇၀၀၊ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၁၀၀ ခန့် ဈေးနှုန်းတက်လာပြီး ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါကလည်း တစ်ပေါင်လျှင် ကျပ် ၃၀၀ခန့် ဈေးနှုန်းကျလာခဲ့သည်။

မော်လမြိုင်မြို့မှရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါတစ်ထုပ်လျှင် ကျပ် ၃၂၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၆၄၀၀၀ ဖြစ်သည်။ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၄၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၉၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း၊ မိုးရွာသွန်းမှုနည်းသော နေ့များတွင် ရော်ဘာခြံရှင်များအနေဖြင့် ရော်ဘာခြံ ရှင်းလင်းခြင်းများ လုပ်ဆောင်နေကြပြီး ခြံရှင်အချို့မှာအစေးလှီးခြင်းကို အနည်းငယ် စတင်နေပြီဖြစ်ကြောင်း သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

# ကျောက်ဆည်မြို့မှ ခေတ်မီနို့ချက်လုပ်ငန်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်စသည့် သီးနှံများအား အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းသည့် နိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ၎င်းမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများအား အသုံးပြု၍ ပြည်ပမှသွင်းကုန်များကို အသုံးပြုခြင်းမရှိဘဲ ပြည်တွင်းထွက်ကုန်ပစ္စည်းများဖြင့် စက်ရုံ၊ အလုပ်ရုံများ နိုင်ငံအတွင်း လည်ပတ်လျက်ရှိရာ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ရဲစုရပ်ကွက်ရှိ နို့ချက်လုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ လုပ်ငန်းအား ၁၉၈၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထိုအချိန်က စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုမရှိသေးသည့်အတွက် နို့ဆီချက်လုပ်ရာတွင် ကန်များအတွင်း နွားနို့များအား အပူပေးပြီး လူအင်အားကိုအသုံးပြု၍ သစ်သားယောက်မများဖြင့်မွှေပြီး ဒေသရိုးရာနည်းစနစ်ဖြင့် နို့ချက်ခဲ့ကြောင်းသိရသည်။

၁၉၈၉ ခုနှစ်မှစ၍ ယခုအချိန်အထိ နည်းပညာများ တိုးတက်လာသည့်ခေတ်တွင် လူအင်အားကိုအသုံးပြု ထုတ်လုပ်မှုအစား ခေတ်မီ စက်ပစ္စည်းများကို အသုံးပြုလာခဲ့ကြသည်။ ထုတ်လုပ်မှုအနေဖြင့် နို့ထွက်ပစ္စည်းများဖြစ်သော နို့ဆီ၊ နို့မှုန့်၊ နို့စိမ်းများအား ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ထိုသို့ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းအဖြစ် နွားနို့၊ သကြားများကို အသုံးပြုရသည်။ နွားနို့အား ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်နှင့် တံတားဦးမြို့နယ်များရှိ နွားမွေးမြူသည့် တောင်သူများထံမှ ငွေကြိုပေး၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ဝယ်ယူရရှိသလို စက်ရုံအတွင်း၌လည်း နို့စားနွားအကောင် ၄၀၀ ခန့်မွေးမြူပြီး ၎င်းတို့ထံမှလည်း နို့ကုန်ကြမ်းရရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန်ရှိ နွားမွေးမြူရေးခြံများမှ နွားနို့များအားဝယ်ယူပြီး မုံရွာစက်ရုံ၌ နို့ဆီအကဲ့ချက်ပြီး ကျောက်ဆည်ရှိ ပင်မနို့ချက်စက်ရုံသို့ပို့ကာ နို့ဆီများကို ထုတ်လုပ်လျက်ရှိသည်။ တောင်သူများထံမှ နွားနို့ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဈေးဖြင့် ဝယ်ယူလျက်ရှိပြီး စက်ရုံလည်ပတ်မှုအနေဖြင့် တစ်ရက်လျှင် နွားနို့ပိဿာ ၄၀၀၀၀ ခန့် ချက်လုပ်နိုင်သော်လည်း နို့ကုန်ကြမ်း ပုံမှန်မရရှိခြင်း၊ ဈေးကွက်ရှာဖွေရခြင်းတို့ကြောင့် ပုံမှန်အားဖြင့် တစ်ရက်လျှင် စက်ရုံ၌ နွားနို့ပိဿာချိန် ၂၀၀၀၀-၂၅၀၀၀ ခန့်သာ ချက်လုပ်လျက်ရှိသည်။



၎င်းမှ နို့ဆီကုန်ချောအနေဖြင့်နို့ဆီအခဲ ပိဿာ ၆၄၀၀ ထွက်ရှိပြီး နို့မှုန့်၊ နို့စိမ်း၊ ဒိန်ချဉ်များလည်း ထုတ်လုပ်လျက်ရှိသည်။ နွားမွေးမြူရေးလုပ်ငန်းများတွင် စက်တင်ဘာ ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နွားနို့များ အထွက်နည်းသည့်အတွက် ၎င်းလများတွင် နွားနို့အစား စက်ရုံ၌ ထုတ်လုပ်ထားပြီး သိုလှောင်ထားရှိသည့် နို့မှုန့်များအား ပြန်လည်အသုံးပြုလျက်ရှိသည်။ ယခင်က ၎င်းနို့မှုန့်အား ပြည်ပမှ မှာယူတင်သွင်းပြီး ယခုအခါတွင် မိမိစက်ရုံ၌ ထွက်သော နို့မှုန့်အားပြန်လည် အသုံးပြုနိုင်သလို သကြားအား ရှမ်းပြည်နယ်၊ ရွှေညောင်ရှိ တောင်လေးလုံး သကြားစက်ရုံမှ ရရှိသည့်အတွက် ပြည်ပမှသွင်းကုန်များအား အစားထိုးထုပ်လုပ်နိုင်ခဲ့သည်။

ဈေးနှုန်း အနေဖြင့် နို့ဆီခဲတစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၊ နို့မှုန့် ၁၅ ဂရမ်အထုပ် ၂၀ ပါ တစ်ထုပ်လျှင် ကျပ်၇၆၀၀၊ နို့ဆီ ၃၉၀ ဂရမ် တစ်ဘူးလျှင် ကျပ် ၄၀၅၀ ဖြင့် ရောင်းချလျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများသို့ အဓိကထားပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ နို့ချက်စက်ရုံ၌ ဝန်ထမ်းပေါင်း ၁၈၅ ဦးဖြင့် လည်ပတ်လျက်ရှိပြီး ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများအား ဖြည့်ဆည်းပေးလျက်ရှိသည်။

နို့ချက် စက်ရုံများက နိုင်ငံအတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုများကို လုံလောက်စွာဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအား မျှတလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်ပအစားထိုး သွင်းကုန်များအား မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းမှသည် ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက ပြည်ပဝင်ငွေများရရှိပြီး နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်လာမည် ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ဇော်မင်းလတ်၊ mdydoca**

MYANMAR ATLANTIC
Since 1998

# *"Timeless Beauty, Effortless Elegance"*



*Contact us to start your journey in pearl jewelry now.*

9th Floor, Tower (C), Royal Sin Min Condo,
Strand Road, Ahlone Township, Yangon, Myanmar.
09945483388, info@myanmaratlantic.com, www.myanmaratlantic.com

AGX Logistics (Myanmar) Co.,Ltd
• Air • Sea • Land




No.(214), Room (501/502), 5th Floor, Min Ye Kyaw Swar Road, Lanmadaw Township, Yangon, Myanmar.

09 443077522, 09 443077533, 09443077544.

anne.ygn@agxlogistics.com, hnin.ygn@agxlogistics.com










Distributed By
URANUS

**Head Office:**
353(A), Sa Yee Pin Lane, Thuwunna, Thingangyun, Yangon. Email: enquiry.uranus@gmail.com


**Showroom :**
12/B, Shwe Taung Gyar Yeik Thar Street, Golden Valley (1) Quater, Bahan Township, Yangon. 09 444 74 9991, 09 798 993 939



မနောသုခ
ဆန်စက်
09254019203, 09784019203




Myanmar HOST
Build Your Business With Our Services!
Service Offered:
Web Design and Development
Web Hosting
Domain Registration
Email Services and Cloud Licensing
Microsoft 365
Google Workspace
Business Webmail
Online Media Advertising
Google Ads
Facebook Ads for Business
Purchasing Service for Digital Products & Licenses
Zoom
Antivirus
Desktop Support Tools
As per customer required
+95 9793333372, +95 9450002205, +95 933333372
https://store.myanmarhost.com
sales@myanmarhost.com
facebook.com/myanmarhost

UNIVERSAL
UNIVERSAL COLD STORE (YANGON) INDUSTRIAL CO.,LTD.
No.38, 3rd St, Ngwe Pin Lal Marine Product Industrial Zone,
Hlaing Tharyar Tsp,Yangon, Myanmar.
www.universalcoldstoregrp.com , universalcoldstoreygn@gmail.com
Phone No.: +95-9-977 853 673
EU
FDA
APPROVED




ထွက်နှုန်းကောင်းပြီး
ဝင်ငွေတိုးဖို့
ရွှေဇီဝ
ကို သုံးကြစို့ ...
သီးနှံမျိုးစုံ
အသုံးပြုနိုင်သည်
'ရွှေဇီဝမြေဩဇာစက်ရုံ' နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကျောင်းဝင်းအတွင်း။
၀၉ ၇၉၇၇၂၉၂၄၀ , ၀၉ ၄၂၅၂၇၄၂၀၀ , ၀၉-၂၆၁၄၆၅၁၆၆, ၀၉ ၇၉၂၄၂၄၁၀၀

# ပြည်တွင်းလုပ်ငန်း ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ခင်ပပနိုင်



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရမြို့နယ်သည် စက်ရက်ကန်း၊ လက်ရက်ကန်းများဖြင့် ကျားဝတ်၊ မဝတ် ချည်ချောနှင့် ချည်ကြမ်းဖြင့် ရက်လုပ်သည့် လုံချည်များကို မြန်မာပြည်အနှံ့ ရောင်းချလျက်ရှိသည်။ အမရပူရမြို့နယ်အတွင်းရှိ ရက်ကန်းစက်ရုံများသို့ သွားရောက်လေ့လာရာတွင် စက်ရုံများအနေဖြင့် ချည်ကုန်ကြမ်း ၂/၈၀ နှင့် ၂/၁၀၀ ချည်များကို တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ ဝင်ရောက်သည့် ချည်များကို ဝယ်ယူအသုံးပြုရခြင်း၊ ပိုးချည်အနေနှင့် တရုတ်နိုင်ငံမှ တင်သွင်းသည့် ပိုးချည်ကို အသုံးပြုခြင်း၊ ပြည်တွင်းချည်အသုံးပြုမှုအနေနှင့် ဝမ်းတွင်းချည် ၁/၄၀၊ ၁/၂၀ ကိုသာ အသုံးပြုမှုရှိကြောင်း သိရသည်။ လတ်တလော လုပ်ငန်းရှင်များ ဝယ်ယူအသုံးပြုသည့် ချည်စျေးနှုန်းများမှာ အောက်တိုဘာလ စတုတ္ထပတ်တွင် ၂/၈၀၊ ၂/၁၀၀ ချည် ၁၀ ပေါင် တစ်ထုပ်လျှင် ကျပ် ၁၅၀၀၀၀ မှ ၁၆၀၀၀၀ ရှိပြီး ပိုးချည်အနေနှင့် တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀၀ မှ ၅၅၀၀၀၀ ရှိကြောင်း သိရသည်။

ရက်ကန်းစက်ရုံများမှ တစ်ရုံလျှင် ချည်ထည်ထုတ်လုပ်မှုအနေဖြင့် ယခင်က လုပ်သားဦးရေ ၁၀၀ ဝန်းကျင်နှင့် တစ်ရက်လျှင် အထည် ၁၀၀၀ ကျော်ထုတ်လုပ်နိုင်ပြီး ယခုအခါ ဝယ်လိုအားနည်းလာသည့်အတွက် ထုတ်လုပ်မှုအနေနှင့် လုပ်သားဦးရေ ၃၀ ဝန်းကျင်နှင့် တစ်ရက်လျှင် အထည် ၁၅၀ မှ ၂၀၀ ဝန်းကျင်အတွင်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ပိုးထည်အနေနှင့် ပွဲထိုင်များမှ အော်ဒါအပ်သည့်အခါ လက်ခံဆောင်ရွက်ခြင်း၊ ပိုးထည်နှင့် ချည်ထည်များကို ဒေသတွင်း စျေးကွက်နှင့် ဌာနဆိုင်ရာနှင့် ကုမ္ပဏီများမှ ယူနီဖောင်းများအတွက်ထုတ်လုပ်ပြီး ပိုးပဝါများကို နိုင်ငံခြားခရီးသွား ဝင်ရောက်မှုများသည်။ အင်းလေးဒေသနှင့် ပုဂံဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ အိန္ဒိယမှတင်သွင်းသည့် ချည်ကုန်ကြမ်းများဖြစ်သော ၂/၈၀၊ ၂/၁၀၀ ချည်စျေးနှုန်းများအနေဖြင့် အောက်တိုဘာလ စတုတ္ထပတ်တွင် ၂/၈၀ ချည်ရိုးရိုး ၁၀ ပေါင် တစ်ထုပ်လျှင် ကျပ် ၁၅၀၀၀၀၊ မာစရိုက် ၂/၈၀ ချည် ၁၀ ပေါင် တစ်ထုပ်လျှင် ကျပ် ၂၀၀၀၀၀ နှင့် ဝယ်ယူအသုံးပြုလျက်ရှိကြသည်။

ယခုလက်ရှိအချိန်တွင် ပြည်တွင်းရက်ကန်းလုပ်ငန်းများအနေနှင့် လျှပ်စစ်မီးအခြေအနေ၊ ကုန်ကြမ်းဝင်ရောက်မှု အခြေအနေ၊ ပြည်တွင်း လုပ်သားအင်အားရှားပါးမှု၊ ချည်နှင့် ဆိုးဆေးများ စျေးနှုန်းပြောင်းလဲမှု၊ သယ်ယူပို့ဆောင်မှုစရိတ်များ ပြောင်းလဲမှုနှင့် ဝယ်လိုအား ကျဆင်းခြင်းတို့ကြောင့် ထုတ်လုပ်မှုအင်အားလည်း အနည်းငယ် ကျဆင်းလျက်ရှိသည်။

ပုဂ္ဂလိကချည်မျှင်နှင့် အထည်စက်ရုံများအား လေ့လာရာတွင် စက်ရုံများအနေဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး ချည်များထုတ်လုပ်လျက် ပြည်တွင်းစျေးကွက်သို့ ဖြန့်ဖြူးလျက်ရှိသည်။ ချည်ထုတ်လုပ်မှုအနေနှင့် ၁/၄၀ ချည် နှင့် ၁/၈၀ ချည်များ ထုတ်လုပ်လျက်ရှိပြီး ဝမ်းတွင်းမြို့နှင့် အမရပူရမြို့ရှိစက်ရက်ကန်းများမှ ဝယ်ယူအသုံးပြုကြောင်း သိရှိရသည်။

အမရပူရမြို့ရှိ စက်ရက်ကန်းများမှ ထုတ်လုပ်သည့် ချည်ထည် စျေးနှုန်းစျေးကွက်အနေနှင့် ကျားဝတ် ချည်ချောလုံချည် တစ်ကွင်းလျှင် ကျပ် ၁၂၀၀၀ ကျပ်မှ ၁၅၀၀၀၊ ပိုးပုဆိုး တစ်ထည်လျှင် ကျပ် ၂၂၀၀၀ မှ ၅၅၀၀၀၊ မာစရိုက်နှင့် ချည်အကွက်စုံ ပုံမှန် ၁ ကွင်းလျှင် ကျပ် ၈၀၀၀ မှ ဆိုက်လွန် ၉၅၀၀၊ ချည်ရိုးရိုး တစ်ကွင်း ကျပ် ၅၅၀၀ မှ ၆၀၀၀၊ အမျိုးသမီးဝတ် ချည်ချိတ် အဆင်စုံ တစ်ကွင်းလျှင် ကျပ် ၇၀၀၀ မှ ၇၅၀၀၊ ချည်ချောချိတ် အဆင်စုံ ကျပ် ၁၅၀၀၀ မှ ၁၆၀၀၀၊ ဒူးနားအဆင်စုံ ကျပ် ၁၃၀၀၀ မှ ၁၃၅၀၀ ရှိကြောင်းသိရသည်။ ပိုးစစ်လွန်းရာကျော်နှင့် ပွဲထိုင်ချိတ်အမျိုးမျိုးကို ဒီဇိုင်းပြ၍ ကြိုတင်မှာယူပါက လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး အမြို့မြို့အနယ်နယ်မှ မှာယူမှုများကို အကွင်း ၅၀၊ အကွင်း ၁၀၀ စျေးနှုန်းများနှင့် မှာယူသူများထံ အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးခြင်း၊ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှ ကျားဝတ်၊ မဝတ် တူညီဝတ်စုံ ယူနီဖောင်းများကိုလည်း စိတ်တိုင်းကျအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်တွင်း MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များ နည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးကူညီဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **MDY DOCA**

# ပြည်ပပို့ကုန် တိုးမြှင့်မည့် ဧရာဝတီမှ ရွှေဖြူစျေးကွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ သီးနှံအမယ်ပေါင်းများစွာ အောင်မြင်ဖြစ်ထွန်းသည့် ရေခံ၊ မြေခံကောင်းမွန်သော နိုင်ငံတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန် များမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဝင်ငွေရှာဖွေပေးနေသသည်။ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် အသားတင်စိုက်ပျိုးနိုင်သောမြေဧက ၄၄၈၈၇၁၉ ရှိသည့်အနက် နှစ်ရှည် (စက်မှုကုန်ကြမ်းသီးနှံ) ရော်ဘာကို ၃၆၂၇၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ရော်ဘာကို မြန်မာနိုင်ငံအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများအပြား စိုက်ပျိုးလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၀၅ ခုနှစ်မှ စတင်၍ ရော်ဘာကို စတင် စိုက်ပျိုးခဲ့သည်။ ရော်ဘာလုပ်ငန်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ စျေးကွက်လွှမ်းစွာကြီးမားကျယ်ပြန့်လှပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သော နိုင်ငံများအနေနှင့် နိုင်ငံတကာလိုအပ်ချက်ကြီးမားသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို အလေးထား ဆောင်ရွက်နေသလို မိမိတို့မြန်မာနိုင်ငံသည်လည်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ကာ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း နှစ်ရှည်(စက်မှုကုန်ကြမ်းသီးနှံ) ရော်ဘာကို စိုက်ပျိုးရေးဦးစီးဌာနမှ နိုင်ငံအတွင်းဒေသအလိုက် ရော်ဘာအထွက်နှုန်း တိုးတက်စေရန် သတ်မှတ်ထားသော ရေမြေ ရာသီဥတု နှင့်ကိုက်ညီသည့် BPM-24/ PRIM-25 ရော်ဘာမျိုးများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ရော်ဘာအစေးလှီးချိန်စတင်မည့် ပွင့်လင်းရာသီ ရောက်ရှိနေပြီဖြစ်ရာ ရော်ဘာများ အစေးလှီးရာတွင် အလေအလွင့် နည်းပါးစေရန်နှင့် စနစ်တကျ လှီးတတ်စေရန် မွန်ပြည်နယ် မုဒုံမြို့ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ နှစ်ရှည်ပင်သုတေသနခြံတွင် ရော်ဘာအစေးခြစ် သင်တန်းဖွင့်လှစ်ထားသည်။ ပုသိမ်၊ ငွေဆောင် ကားလမ်းဘေးရှိ ရော်ဘာခြံမှ အစေးခြစ်တာဝန်ခံမှ ၎င်းတို့၏ ခြံအတွင်းရှိ အစေးခြစ်မည့် လုပ်သားများအား စနစ်တကျ သင်ကြားပေးလျက်ရှိပြီး ယခင်နှစ် စိုက်ပျိုးရာသီတွင် ရော်ဘာပေါင်ချိန် ၈၀၀၀၀ ထုတ်လုပ်ရောင်းချခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ထွက်ရှိသော ရော်ဘာများကို ဖောမစ်အက်စစ်နှင့် အချိုးအစားအတိုင်း ရောစပ်ပြီး ခွက်ဖြင့် ပုံသွင်း၍ အစေးခဲပြီး စက်ဖြင့်ကြိတ်ကာ နှစ်ပေါင်၊သုံးပေါင်၊ လေးပေါင်ရှိသော ရော်ဘာပြားများကို ၄/၅/၆ ရက်ခန့်နေလှန်းပြီး နေလှန်းပြားသော် လည်းကောင်း၊ မှိုင်းခံ၍သော်လည်းကောင်း ပြုလုပ်ကာ ရော်ဘာစျေးကွက်တွင် Grade 1,2,3 ခွဲ၍ ရန်ကုန်ကုမ္ပဏီများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ရန်ကုန်မှတစ်ဆင့်ပြည်ပစျေးကွက်နှင့် ပြည်တွင်းရှိ ရန်ကုန်မြို့၊ ပဲခူးမြို့၊ ရော်ဘာစက်ရုံများမှ ကားတာယာ၊ စက်ဘီးတာယာ၊ သားရေဖိနပ်၊ လက်အိတ်၊ သရေကွင်းနှင့် အခြားအမယ်များ ပြုလုပ်ပြီး စျေးကွက်တွင်ရောင်းချလျက်ရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ မေလအထိ ရော်ဘာအဖွင့်စျေးနှင့်အပိတ်စျေးမှာ ရော်ဘာတစ်ပေါင် ကျပ် ၁၆၅၀-၂၂၅၀ စျေး ၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ မေလအထိ ရော်ဘာ အဖွင့်စျေးနှင့် အပိတ်စျေးမှာ ရော်ဘာ တစ်ပေါင်ကျပ် ၂၈၀၀-၃၀၀၀ စျေးရရှိပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ရော်ဘာတစ်ပေါင် ကျပ် ၃၃၀၀-၃၅၀၀ ဝန်းကျင်စျေးဖြစ်၍ ယခင်နှစ်ထက် စျေးနှုန်း ပိုမိုရရှိ သည့်အတွက် ရော်ဘာစိုက်ပျိုးသော ကုမ္ပဏီ၊ တောင်သူများမှာ ပိုမိုအကျိုးအမြတ်ရရှိမည်ဖြစ်သလို ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ရော်ဘာ ပေါင် ၆၄၀၇၄၃၂ ဝန်းကျင်ထုတ်လုပ် ရောင်းချခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်း ပြည်တွင်းလုပ်ငန်းရှင်များမှလည်း ရော်ဘာစိုက်ပျိုးလျက်ရှိသလို စီမံကိန်းလျာထားဧက ၁၀၀၀၀၀ ပေါ် တွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ ရော်ဘာစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ပါက ဒေသတွင်း စီးပွားရေးအခွင့်အလမ်းများရရှိမည်ဖြစ်သည်။ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်အတွက် လက်ရှိစိုက်ပျိုးနေသော စပါး၊ ပဲမျိုးစုံနှင့် အခြားသီးနှံများအပြင် ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းသည် ဒေသခံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဝင်ငွေရရှိမှုကို အထောက်အပံ့ဖြစ်သော လုပ်ငန်းဖြစ်သည့်အပြင် လူသားတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်သော စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိလာသော ရော်ဘာကုန်ကြမ်းများ ရော်ဘာ စပ်ဆက်လုပ်ငန်းများ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် စက်ရုံများ ထွန်းကားစေရန် ဆောင်ရွက်ရမည် ဖြစ်သည်။ သို့မှသာ ဒေသခံများအတွက် ဝင်ငွေတိုး၍ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်သည်။



**မင်းမင်းဦး(ပသ)**



# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ရရှိရန် မျှော်မှန်း

ယခု ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရရှိရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၃ သန်း တင်ပို့ရန် လျာထားပြီး ယင်းမှ ပို့ကုန်ဝင်ငွေဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ခန့်ရရှိရန် မျှော်မှန်းထားသည်။

လက်ရှိတွင်ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ဥရောပဈေးကွက်သို့လည်း တင်ပို့လျက်ရှိသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံ ရရှိခဲ့ပြီး ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး၏ လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ ၃၃ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံ စိုက်ပျိုးနေပြီး ပဲမျိုးစုံ စိုက်ဧက၏ ၇၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးကြကြောင်း သိရသည်။

# ပြည်တွင်းမှထွက်ရှိသည့် မက္ကဒေးမီးယားအသီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည်

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် မက္ကဒေးမီးယားသီးကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မက္ကဒေးမီးယားသီးအသီးများကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ပြီးခဲ့သည့် စက်တင်ဘာလကုန်က စတင်ကာ မြန်မာအစိုးရနှင့် တရုတ် အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တို့အကြား သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

မက္ကဒေးမီးယားသီးနှံတင်ပို့ရာတွင် GACC အဖွဲ့၏ ခွင့်ပြုချက်ရရှိရန် လိုအပ်ပြီး တင်ပို့ဖို့ပြုပြင်ရာတွင်လည်း မှိုတက်နေသည့် အစေ့များနှင့် အခွံများ၊ ပေါင်းပင်မျိုးစေ့များ မပါရှိရေးအတွက် သန့်စင်မှုများ ဆောင်ရွက်ကာ စိုက်ပျိုးခြင်း၊ ပြုပြင်ထုပ်ပိုး သိုလှောင်ခြင်းများပြုလုပ်မည့် လုပ်ငန်းစဉ်များကို တရုတ်နိုင်ငံက စစ်ဆေးသွားမည်ဖြစ်သည်။

ပြည်တွင်းတွင်ထွက်ရှိသည့် မက္ကဒေးမီးယားစေ့သည် ကျန်းမာရေးအတွက် အထောက်အကူပြုပြီး တစ်နိုင်ငံလုံး တိုင်းအတာအရ စိုက်ဧက ၁၂၀၀၀ ခန့် စိုက်ပျိုးထားရှိကာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိကြောင်း သိရသည်။





# သရက်သီးအနှစ်များ ပြည်ပဈေးကွက်သို့ ဦးစားပေး တင်ပို့ရန် စီစဉ်

ဈေးကောင်းရရှိလျက်ရှိသည့် သရက်သီး အနှစ်များကို ပြည်ပနိုင်ငံများသို့ ဦးစားပေးတင်ပို့ရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

လက်ရှိတွင် သရက်သီးအလုံးထက် အနှစ်များ အေးခဲ၍ ပြည်ပဈေးကွက်သို့ စမ်းသပ်တင်ပို့ခဲ့ရာတွင် ဈေးကောင်းရရှိသည့်အတွက် ပြည်ပဈေးကွက်အသစ်ရှာဖွေကာ တင်ပို့သွားမည်ဖြစ်သည်။

ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိသည့် စိန်တစ်လုံး၊ မချစ်စုနှင့် ပတ္တမြားငမောက် သရက်မျိုးများကို ရုရှားနှင့် စင်ကာပူနိုင်ငံ အပါအဝင် နိုင်ငံအချို့ကို အလုံးလိုက် နှစ်စဉ်တင်ပို့လျက်ရှိသည်။

ပြီးခဲ့သည့် သရက်သီးရာသီတွင် လမ်းကြောင်း အခက်အခဲများကြောင့် အနည်းငယ်သာ တင်ပို့နိုင်ခဲ့ပြီး အရည်အသွေးပေါ် မူတည်ကာ ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

သရက်သီးအနှစ်အနေဖြင့် အမျိုးအစားအလိုက် တစ်တန်လျှင် ကျပ် ၁၅ သိန်း ထက်မနည်း ပေါက်ဈေးရှိပြီး ပြည်တွင်းသာမက ပြည်ပတွင်လည်း ဝယ်လိုအားများလျက်ရှိသည်။

လက်ရှိတွင် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံမှ ထွက်ရှိသည့် သရက်သီးအနှစ် တန်ချိန် ၁၀၀၀၀ တင်သွင်းရန် အသိပေးထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

ကိုတိုး - စုစည်းသည်

# ယခုဘဏ္ဍာနှစ်တွင်း ပြည်ပနိုင်ငံများသို့ အထည်ချုပ်တင်ပို့မှု မြင့်တက်လာ

ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ အထည်ချုပ်တင်ပို့မှု မြင့်တက်လာကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ သိရသည်။

ပြည်ပသို့ အထည်ချုပ်တင်ပို့မှုမှာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ်လုပ်ငန်းကို ပြည်ပမှကုန်ကြမ်းသွင်းပြီး ပြည်တွင်းတွင် ပြန်လည်ချုပ်လုပ်သည့် CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

လက်ရှိတွင် ပြည်တွင်းအထည်ချုပ်ကဏ္ဍမှ ဥရောပဈေးကွက်သို့ ၆၀ ရာခိုင်နှုန်း၊ ဂျပန်ဈေးကွက်သို့ ၂၀ ရာခိုင်နှုန်းနှင့် အခြားဈေးကွက်များထံသို့ တင်ပို့နေခြင်းဖြစ်သည်။

ပို့ကုန်ကဏ္ဍထဲတွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လက်ခစားစနစ်ဖြင့် အထည်ချုပ်တင်ပို့မှု အများဆုံးဖြစ်ကြောင်း သိရသည်။

လာမည့် ဆယ်စုနှစ်အတွင်း မြန်မာ့အထည်ချုပ်ကဏ္ဍအနေဖြင့် လုပ်သားအင်အား ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၆ သန်းအထိ ခန့်ထားနိုင်ပြီး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန် လုပ်ငန်းအဖြစ် ကြီးထွားလာနိုင်ရေး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ယခုနှစ်အတွင်း ထောပတ်သီး တန်ချိန် ၅၀၀၀ ခန့် တင်ပို့ရန်လျာထား



ယခုနှစ် ထောပတ်သီးရာသီတွင် ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်နှင့် အိန္ဒိယဈေးကွက်များထံသို့ ထောပတ်သီးတန်ချိန် ၅၀၀၀ ခန့် တင်ပို့နိုင်ရေး လျာထားလျက်ရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO)မှ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ထောပတ်သီးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ သတ်မှတ်ချက်များနှင့်အညီ ပင်လယ်ရေကြောင်းမှ တရားဝင်တင်ပို့နိုင်ရေး ပြင်ဆင်လျက်ရှိပြီး လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံဘက်က လိုအပ်သည်များ လာရောက်စစ်ဆေးရန်ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ထောပတ်သီးရာသီတွင် ပြည်ပနိုင်ငံများသို့ ထောပတ်သီး တန်ချိန် ၃၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ထောပတ်သီးရာသီသည် နှစ်စဉ် အောက်တိုဘာလမှ ဇန်နဝါရီလအထိဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ယခုနှစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထောပတ်သီးစိုက်ဧက ၂၀၀၀၀ ခန့်ရှိပြီး ပျမ်းမျှတန်ချိန် ခုနစ်ထောင်ခန့် ထွက်ရှိနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက မျှော်မှန်းထားကြောင်း သိရသည်။

# “သစ်သားဖိနပ်လေးတွေရဲ့ဈေးကွက်က တဖြည်းဖြည်း ကျယ်ပြန့်လာနေပါတယ်”

## Hand I Craft သစ်သားဖိနပ်လုပ်ငန်း တည်ထောင်သူ ဒေါ်သဲသဲနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်း၌ ထုတ်လုပ်သည့် လက်မှု(Hand Made) ပစ္စည်းများထဲတွင် မြန်မာ့လက်မှုပညာများဖြစ်သည့် ပန်းချီ၊ ပန်းပု ပညာရပ်များနှင့် ပေါင်းစပ်ထုတ်လုပ်ထားသည့် သစ်သားဖိနပ်များသည် ဈေးကွက်ထဲတွင် လူကြိုက်များလျက်ရှိသည်။ထင်းရှူးသား၊ ယမနေသား၊ တောင်ပိန်းသား၊ ပိတောက်သားများအား ပန်းချီ၊ ပန်းပုအနုပညာများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသည့် သစ်သားဖိနပ်များအကြောင်းအား Hand I Craft သစ်သားဖိနပ်လုပ်ငန်း တည်ထောင်သူ ဒေါ်သဲသဲနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မြန်မာ့လက်မှုပညာရပ်ဖြစ်တဲ့ ပန်းချီ၊ ပန်းပုပညာရပ်တွေနဲ့ ပေါင်းစပ်ထုတ်လုပ်ထားတဲ့ သစ်သားဖိနပ်လေးတွေကို ဘယ်လိုစိတ်ကူးလေးတွေနဲ့ တီထွင်ဖန်တီးဖြစ်တာပါလဲ။**

ကျွန်မက ငယ်ငယ်လေးကတည်းက ပုံလေးတွေဆွဲတာ ဝါသနာပါတယ်။ ပထမဦးဆုံး နံရံတွေပေါ်မှာ ပန်းချီဆွဲတယ်။ ကိုယ်ဝါသနာပါတဲ့အရာလေးတွေကို ဘယ်လိုအသုံးချရင်ကောင်းမလဲစဉ်းစားတယ်။ ကိုဗစ်ဖြစ်သွားတဲ့အချိန်ကျတော့ အိမ်မှာပဲ ဘာလုပ်ရင် ကောင်းမလဲပေါ့။ အခြားအရာတွေလည်း စဉ်းစားမိတယ်။ ဒါပေမယ့်လူတိုင်း နေ့စဉ်အသုံးပြုလို့ရတဲ့ ပစ္စည်းမဟုတ်တဲ့အခါကျတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ စဉ်းစားတယ်။ နေ့တိုင်း အလုပ်လည်းရှိပြီး အဆင်ပြေရမယ်ဆိုတော့ လူတွေ နေ့စဉ် အသုံးပြုလို့ရအောင် ဖိနပ်လေးတွေ ထုတ်မယ်ဆိုပြီးတော့ စဉ်းစားမိတယ်။ စစချင်းတော့ သစ်သားဖိနပ်လေးတွေ မထုတ်သေးဘူး။ ကိုယ်က ကာတွန်းတွေ ပန်းချီတွေ ဆွဲတတ်နေတဲ့အခါကျတော့ သူများ ခုံဖိနပ်လေးတွေအပေါ်မှာ ပန်းချီလေးတွေ ဆွဲဖြစ်တယ်။ ဒါပေမဲ့ သိပ်အဆင်မပြေဘူး။ ခုံဖိနပ်ကကျတော့ မလှဘူးပေါ့လေ။ အဲဒါနဲ့ ကိုယ့်အနီးနားဝန်းကျင်ကသူတွေ အကြံပေးတာနဲ့ သစ်သားလေးတွေကို ဖြတ်ပြီး တော့ ဖိနပ်လေးထုတ်ဖြစ်တယ်။ ပန်းချီဆွဲတာလည်း ဝါသနာပါတော့ ပန်းချီလေးတွေဆွဲရင်း အနီးဝန်းကျင်မှာရှိတဲ့သူတွေက သဘောကျလို့ မှာယူရင်းနဲ့ ဒီဖိနပ်လုပ်ငန်းကို ရေရှည်လည်ပတ်သွားတာပေါ့။

**သစ်သားပေါ်မှာ ပန်းချီဆွဲပြီးတော့ ထုတ်လုပ်တဲ့ ဖိနပ်လေးတွေအကြောင်း ရှင်းပြပေးပါဦး။**

ပန်းချီ၊ ပန်းပုဆိုတာကကျတော့ မြန်မာတွေရဲ့ အမွေအနှစ်ပညာရပ်တွေပါ။ သစ်သားဆိုရင်လည်း ပြည်တွင်းက ထွက်တဲ့ သစ်သားကို စပြီးသုံးလာတာပေါ့။ သစ်သားလေးတွေက ခါတိုင်းဆိုရင်တော့ တောင်ပိန်းသား၊ ယမနေသားတို့ကို သုံးတယ်။ ယမနေသားကတော့ သစ်သားထဲမှာ အကောင်းဆုံးပေါ့။ ကျွန်းသားကကျတော့ သစ်မာအမျိုးအစားဖြစ်ပြီး အကောင်းဆုံးဖြစ်သလို ကိုယ့်နိုင်ငံကလည်းထွက်တယ်။ အဲဒါကိုတော့ ပန်းပုဆရာတွေကနေ ထုလုပ်ပြီးတော့ ပန်းပုဖိနပ်လေးလုပ် ဖြစ်တယ်။ ထင်ရှူးသားကကျတော့ အသားဖြူတဲ့အခါကျတော့ ပန်းချီဆွဲလို့ရှိရင် ပိုပြီး ပေါ်လွင်တယ်။ အခြားတောင်ပိန်းသားတွေက ဆွဲလို့ရှိရင် ပေါ်တယ်။ဒါပေမဲ့အစစ်မရလို့ရှိရင်တော့ မပေါ်ဘူး။ ပန်းချီဆွဲဖို့အတွက်ကျတော့ ထင်းရှူးသားမှာ ပေါ့ပါးတဲ့အသားလည်း ဖြစ်ရမယ်။ ပိုးလည်း မစားရဘူး။ ပေါင်းသားလည်းဖြစ်ရမယ်။ အဲဒီအတွက် ဒီထင်းရှူးသားမှာ ပန်းချီလေးတွေဆွဲပြီး ထုတ်လုပ်ဖြစ်တာပေါ့။



**ဒီဖိနပ်လေးတွေ ရေရှည်ခံအောင် ဘယ်လိုမျိုး ဆောင်ရွက်ထားပါသလဲ။**

ဒီသစ်သားဖိနပ်လေးတွေကို ပထမဦးဆုံး စပြီး ထုတ်လုပ်ဖြစ်တာကတော့ ပထမဆုံး ထင်းရှူးသားကို Recycle ဆိုင်မှာ သွားဝယ်တယ်။ ဝယ်ပြီးလို့ရှိရင် သစ်သားကို လွှာရတယ်။ ပြီးတော့မှ ကိုယ့်ရဲ့ အလုပ်ရုံမှာ ဖိနပ်တစ်ရန်ချင်းစီကို ဖြတ်ရပြီးတော့ ကော်ပတ်စားရတယ်။ ကော်ပတ်စားပြီးတော့မှ ပန်းချီဆရာတွေ ဆွဲဖို့အတွက်ကို Format ကျအောင်လို့မှ ကွန်ပျူတာနဲ့ဒီဇိုင်းဆွဲတယ်။ ဒီဇိုင်းဆွဲပြီးမှ ပန်းချီကို တစ်ထပ်တည်းဆွဲပြီး အပေါ်မှာ မီးနဲ့ထပ်ဆွဲတာပေါ့။ မီးနဲ့ဆိုတော့ ဖိနပ်လေးတွေက ရေစိုခံသလို အကြမ်းလည်းပိုခံပါတယ်။ ပြီး တော့မှ ပန်းချီဆရာတွေ ပန်းပုဆရာတွေက နေပြီးတော့ဆွဲ ရတာပေါ့။ ပန်းချီဆိုလည်း ပန်းချီပေါ့။ ပန်းပုဆိုလည်း ပန်းပုပေါ့။ ပြီးမှ ရေရှည်ခံအောင်လို့ဆိုပြီးမှ လိုက်ကာတင်ပြီး သဲကြိုးတပ်တယ်။ အပြင်သွားလာလည်း စီးလို့ရအောင်၊ ပေါ့ပေါ့ပါးပါးလည်းဖြစ်အောင်၊ လူတိုင်းနဲ့လည်း လိုက်ဖက်မှုရှိအောင် ထုတ်လုပ်ထားပါတယ်။ အဲဒီအတွက် အရည်အသွေးပြည့်တဲ့ ဖိနပ်တစ်ရန်လည်း ရရှိလာတာ ဖြစ်ပါတယ်။

**ဖိနပ်ဒီဇိုင်းနဲ့ပတ်သက်ပြီးလည်း သိပါရစေ။**

ဒီဇိုင်းက ကျွန်မ အိုင်ဒီယာပေါ်တဲ့အခါကျ ဆွဲထားလိုက်တယ်။ လွန်ခဲ့တဲ့ ၂၀၁၉ခုနှစ်ကတည်းက ဆွဲလာတာဆိုတော့ ဒီဇိုင်းအမျိုးပေါင်း ၁၀၀ကျော်ရှိနေပါပြီ။ အခုလက်ရှိမှာတော့ နောက်ဆုံးပေါ် ဒီဇိုင်းလေးတွေ ဆိုရင်လည်း ဆွဲပေးပါတယ်။ ကြိုက်တဲ့ ဒီဇိုင်းကို Customize အပ်လို့ရပါတယ်။ ဖိနပ်တစ်ရန်ကို မှာယူမယ်ဆိုရင် ဒီဇိုင်းအပေါ်မူတည်ပြီး တစ်ရန်ကို တစ်ပတ်၊ ၁၀ရက် အချိန်ယူပါတယ်။ ဒီထက်အော်ဒါတွေ အရမ်းကျလာရင်တော့ နှစ်ပတ်၊ သုံးပတ်လောက်မှ ပြီးပါတယ်။ ကျွန်မတို့က Hand Made ဖြစ်တဲ့





တိုပ္ပ

အခါကျတော့ နည်းနည်းလေးတော့ အချိန်ယူရတယ်။ ဒါပေမဲ့ ဝယ်ယူသူ ဖောက်သည်တွေအနေနဲ့ သူတို့ရသွားတဲ့အခါကျရင် သူတို့စိတ် ကြိုက်ဒီဇိုင်းလေးနဲ့ ဖိနပ်ဖြစ်တဲ့အခါကျတော့ စိတ်ချမ်းသာပျော်ရွှင်တာ တွေ့ရပါတယ်။

**အသေးစား၊ အလတ်စားလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲလေးတွေရှိရင် ပြောပြပေးပါဦး။**

အခက်အခဲကတော့ ဖိနပ်တွေကို ထုတ်လုပ်တဲ့နေရာမှာ ကိုယ့်မှာသာ စက်ပစ္စည်းတွေရှိတယ်ဆိုလို့ရှိရင် သစ်သားတွေကို တစ်ခါတည်း စက်နဲ့ဖြတ်လို့ရတယ်။ အခုကိုယ့်မှာက စက်ပစ္စည်းနဲ့ပတ်သက်ပြီး အသေးစား၊ အလတ်စား လုပ်ငန်းဖြစ်တဲ့အခါကျတော့ အခက်အခဲလေးတွေ ရှိပါတယ်။ ဒါပေမဲ့အသေးစားအလတ်စားလုပ်ငန်းတွေမှာ ဒီလိုမျိုး အခက်အခဲတွေက ရှိတတ်ပါတယ်။ ဒီလိုမျိုး စက်ပစ္စည်းတွေသာ ဝယ်ယူနိုင်မယ်ဆိုလို့ရှိရင် ပိုပြီး အဆင်ပြေနိုင်မယ်လို့ ထင်ပါတယ်။

**ဈေးကွက်ထဲ ထိုးဖောက်မှုအခြေအနေရော ဘယ်လိုရှိပါသလဲ။**

ဈေးကွက်ထဲမှာကတော့ လက်လီရောင်းချပေးနေသလို အွန်လိုင်းကနေမှာ ယူလို့ရှိရင်လည်း ရောင်းချပေးပါတယ်။ အခုနောက်ပိုင်း အော်ဒါမှာယူတဲ့နေရာမှာ ပြည်ပဈေးကွက်ကို ထိုးဖောက်ချင်တဲ့သူတွေအနေနဲ့ကလည်း ကျွန်မဆီမှာ လက်ကားမှာယူတာတွေလည်း ရှိပါတယ်။ အဲဒီအတွက် ဒီသစ်သားဖိနပ်လေးတွေရဲ့ ဈေးကွက်က တဖြည်းဖြည်းကျယ်ပြန့်လာနေပါတယ်။ ဒီဖိနပ်လေးတွေကိုလည်း အရမ်းစိတ်ဝင်စားကြတယ်။တွေ့တဲ့သူတိုင်းကလည်း အသစ်အဆန်းပုံစံမျိုးဆိုတော့ ဝယ်ချင် စီးချင်ကြတယ်။ မြင်တဲ့သူတိုင်း စီးချင်တဲ့အတွက် ဈေးကွက်ကို ဒီထက်ပိုပြီးချဲ့ဖို့တော့ စဉ်းစားထားပါတယ်။ ကျွန်မနဲ့ အတူ လာရောက်ပူးပေါင်းမယ့်သူတွေကိုလည်း ဖိတ်ခေါ်ပါတယ်။

**ဖိနပ်ထုတ်ကုန်အသစ်တွေရော မြင်တွေ့ရဖို့ရှိပါသလား။**

Hand I Craft ဆိုတဲ့ အဓိပ္ပာယ်က လက်မှုပညာကို ခွဲပြီးတော့ အိုင်ဆိုတဲ့ စကားလုံးနေရာမှာ ကျွန်မမှ မဟုတ်ဘဲနဲ့ တီထွင်သူတွေ၊ ပညာရှင်တွေအစား နာမ်စားသုံးထားတာဖြစ်ပါတယ်။ ကိုယ်တိုင်လုပ်တဲ့ လက်မှု ပညာလေးဖြစ်တဲ့အတွက် ကျွန်မနဲ့အတူ ရှေ့လျှောက် ပူးပေါင်းပါဝင်မယ့်သူတွေကိုလည်း ဖိတ်ခေါ်လိုပါတယ်။ နောက်ပိုင်း ကျရင်တော့ ဖိနပ်အမြင့်လေးတွေ ထုတ်ဖို့ရှိတယ်။ သစ်သားနဲ့ ရှူးဖိနပ်တွေ ထုတ်ဖို့ရှိတယ်။ အကောင်အထည်ဖော်ပြီးရင်တော့ ချပြသွားဖို့ရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ကျွန်မက ငယ်ငယ်လေးကတည်းက မြန်မာမှု ပညာရပ်တွေကို အလွန်စိတ်ဝင်စားတယ်။ ကိုယ်ကလည်း မြန်မာလူမျိုးဆိုတော့ ပန်းချီ၊ ပန်းပုပညာရပ်တွေကို အရမ်းသဘောကျတယ်။ ဒီလိုမျိုး ကိုယ်တတ် မြောက်ထားတဲ့ အနုပညာလက်ရာတွေကိုလည်း နိုင်ငံတကာမှာ ချပြချင်တယ်ပေါ့။ ကိုယ့်မြန်မာနိုင်ငံမှာ လည်း ပန်းချီ၊ ပန်းပု ပညာရပ်တွေမှာ အရမ်းတော်တဲ့သူတွေရှိတယ်။ ဒါလေးတွေ ပြချင်တော့ ဘယ်လိုပြရင် ကောင်းမလဲဆိုပြီးစဉ်းစားတော့ ဒီဖိနပ်လေးတွေမှာ ပန်းချီဆွဲပြီးတော့ လုပ်လိုက်မယ်ဆိုပြီး ဖြစ်လာတာပါ။ ဒီဖိနပ်လေးတွေ ဘယ်ကထုတ်လုပ်လဲဆိုရင် မြန်မာပြည်က ထုတ်တာဆိုပြီး ဂုဏ်ယူနိုင်အောင်လို့ပါ။ မြန်မာပြည်မှာလည်း ဒီလိုမျိုး ပန်းချီ၊ ပန်းပုပညာရှင်တွေ ရှိတယ်ဆိုတာကို သိစေချင်တာလည်း ပါဝင်ပါတယ်။

# ဘီးလင်းမြို့နယ်တွင် ဒေသထွက် ဆန်ဈေးနှုန်း အနည်းငယ်တက်လာ

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဒေသထွက် ဆန်ဈေးနှုန်း ယခင်လထက် အနည်းငယ်တက်လာကြောင်း သိရသည်။ အောက်တိုဘာလ စတုတ္ထပတ်တွင် ဈေးနှုန်းများအနေဖြင့် ကျားပျံဆန် (၁၀၈) ပေါင်အိတ် ကျပ် ၁၄၀၀၀၀၊ ပေါ်ဆန်းဆန် (၁၀၈) ပေါင်အိတ် ကျပ် ၁၂၀၀၀၀၊ ကမာကြည်ဆန် (၁၀၈) ပေါင်အိတ် ကျပ် ၈၀၀၀၀ နှင့် ဧည့်မထ(ရှယ်) (၁၀၈) ပေါင်အိတ် ကျပ် ၇၀၀၀၀ တို့ဖြင့် ရောင်းချနေပြီး ယခင် စက်တင်ဘာလ စတုတ္ထပတ်တွင် ကျားပျံဆန် (၁၀၈) ပေါင်အိတ် ကျပ် ၁၃၅၀၀၀၊ ပေါ်ဆန်းဆန် (၁၀၈) ပေါင်အိတ် ကျပ် ၁၁၅၀၀၀၊ ကမာကြည်ဆန် (၁၀၈) ပေါင်အိတ် ကျပ် ၇၅၀၀၀ နှင့် ဧည့်မထ(ရှယ်) (၁၀၈) ပေါင်အိတ် ကျပ် ၆၄၀၀၀ ဖြစ်ပေါ်ခဲ့ရာ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ်ကို နှိုင်းယှဉ်ပါက ကျားပျံဆန် (၁၀၈) ပေါင် တစ်အိတ်လျှင် ကျပ် ၅၀၀၀၊ ပေါ်ဆန်းဆန် (၁၀၈) ပေါင် တစ်အိတ်လျှင် ကျပ် ၅၀၀၀၊ ကမာကြည်ဆန် (၁၀၈) ပေါင် တစ်အိတ်လျှင် ကျပ် ၅၀၀၀ နှင့် ဧည့်မထ(ရှယ်) (၁၀၈) ပေါင် တစ်အိတ်လျှင် ကျပ် ၆၀၀၀ အသီးသီး ဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

ဈေးတက်လာခြင်း အကြောင်းရင်းမှာ မိုးရာသီအကုန်တွင် ဆန်စပါးလက်ကျန်နည်းခြင်း၊ ထုတ်လုပ်မှုနည်းခြင်း၊ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များ တက်လာခြင်းတို့ကြောင့် ဈေးနှုန်း အနည်းအငယ် တက်လာရခြင်းဖြစ်သည်ဟု ဒေသခံကုန်သည်များ၏ ပြောကြားချက် အရ သိရသည်။

**ဇင်ဖြူဝင်း (ဘီးလင်း)**





# မအူပင်ခရိုင်မှ စပါး၊ ဆန် စီးထွက်မှု အခြေအနေနှင့် ဈေးနှုန်း

ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် လယ်ယာထွက်ကုန်အခြေခံတန်ဖိုးမြင့် စားသောက် ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကဆန်အိုးကြီးဟု တင်စား ခေါ်ဝေါ်ရလောက်အောင် လယ်ယာထွက်ကုန် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထွက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး အတွင်းတွင် ပုသိမ်ခရိုင်၊ မအူပင်ခရိုင်၊ မြောင်းမြခရိုင်၊ ဟင်္သာတ ခရိုင်၊ ဖျာပုံခရိုင်တို့ရှိပြီး ဒေသတွင်း စပါးကို အဓိကထားစိုက်ပျိုးကြသည်။ ထိုခရိုင်အသီးသီးမှ ထွက်ရှိသော ဆန်နှင့် ဆန်ကွဲများကို ရန်ကုန်သို့ အဓိကထားတင်ပို့ပြီး ဆန်ကွဲကို ရန်ကုန် စက်မှုဇုန်ကြီးများသို့ တင်ပို့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ဒေသထွက် ဆန်များကို သီလဝါဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ Asiaworld ဆိပ်ကမ်း၊ ရွှေပြည်သာစက်မှုဇုန်၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ လှိုင်သာယာစက်မှုဇုန်၊ ကျိုက်ဝိုင်းဈေး၊ ပဲခူးဈေးကြီး၊ ရွှေလင်ပန်းစက်မှုဇုန်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ အိတ်ရေ ၂၂၄၅၄၃၀ တန်ချိန် ၁၁၂၂၇၀ တင်ပို့ခဲ့ကြောင်းသိရသည်။ မအူပင်ခရိုင်မှ ထွက်ရှိသော ဆန်ကွဲများ တင်ပို့မှုအနေဖြင့် ၂၀၂၅ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ အိတ်ရေ ၇၀၀၆၂၄၊ တန်ချိန် ၃၅၀၃၁ တန်တင်ပို့ခဲ့ကြောင်းသိရသည်။

စပါးဈေးနှုန်း အနေဖြင့် ၂၀၂၅ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်တွင် ပေါ်ဆန်း စပါး ပေါင် ၅၀ တင်း ၁၀၀ ကွင်းဈေး ကျပ် ၂၆၂၀၀၀၀၊ မြို့ဈေး ကျပ် ၂၆၅၀၀၀၀၊ ပေါ်ဆန်း ၄၆ ပေါင် တင်း ၁၀၀ ကွင်းဈေး ကျပ် ၂၄၀၀၀၀၀၊ မြို့ဈေး ကျပ် ၂၄၃၈၀၀၀၊ ပေါ်ဆန်းဆန်(၁၀၈)ပေါင် တစ်အိတ် လတ်စ ကျပ် ၁၁၅၀၀၀၊ ထိပ်စ ကျပ် ၁၂၀၀၀၀၊ ဆင်းသုခ စပါး(၅၀)ပေါင် တင်း ၁၀၀ ဈေး ကျပ် ၁၃၇၀၀၀၀၊ မြို့ဈေး ကျပ် ၁၄၀၀၀၀၀၊ ဆင်းသုခ စပါး(၄၆)ပေါင်တင်း ၁၀၀ ကွင်းဈေး ကျပ် ၁၂၆၀၄၀၀၊ မြို့ဈေး ကျပ် ၁၂၈၈၀၀၀၊ ဆင်းသုခ ဆန် (၁၀၈)ပေါင် တစ်အိတ်ဈေး လတ်စ ၄၉၀၀၀၊ ထိပ်စ ကျပ် ၅၅၀၀၀၊ GW-11 စပါး(၅၀) ပေါင် တင်း ၁၀၀ ကွင်းဈေး ကျပ် ၁၃၀၀၀၀၀၊ မြို့ဈေး ကျပ် ၁၃၅၀၀၀၀၊ GW-11 စပါး (၄၆) ပေါင် တင်း ၁၀၀ ကျပ် ၁၁၆၈၄၀၀၊ မြို့ဈေး ကျပ် ၁၁၉၆၀၀၀၊ GW-11 ဆန်အိတ် (၁၀၈)ပေါင် တစ်အိတ် လတ်စ ကျပ် ၄၈၀၀၀၊ ထိပ်စ ကျပ် ၄၉၀၀၀ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**သဇင်(မအူပင်)**

# ဘုရင့်နောင်ပွဲရုံရှိ ကြက်သွန်ဖြူ/နီနှင့် အာလူးဈေးနှုန်းများ

အောက်တိုဘာ နောက်ဆုံးပတ်က ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ ကြူကုတ်(ရှယ်) တစ်ပိဿာ ဈေးနှုန်းများမှာ ကျပ် ၁၀၅၀၀/၁၁၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၅ ကျပ် ၆၅၀၀၊ ကြက်သွန်နီ ဈေးနှုန်းများမှာ ဆိပ်ဖြူ(သစ်) ရှယ် ကျပ် ၁၇၀၀၊ ဆိပ်ဖြူ(သစ်)လတ်ကြီး ကျပ် ၁၄၅၀၊ ဆိပ်ဖြူ (သစ်) လတ်သန့် ကျပ် ၉၅၀၊ ဆိပ်ဖြူ(သစ်) လတ်ချော ကျပ် ၄၀၀၊ မြင်းခြံ (သစ်) ရှယ် ကျပ် ၁၄၀၀/၁၇၀၀၊ မြင်းခြံ(သစ်) လတ် ကြီး ကျပ် ၁၀၀၀/၁၄၀၀၊ မြင်းခြံ(သစ်) လတ်သန့် ကျပ် ၆၀၀/၉၀၀၊ မြင်းခြံ(သစ်) လတ်ချော ကျပ် ၄၀၀၊ မုံရွာ(သစ်) ရှယ် ကျပ် ၁၇၀၀၊ မုံရွာ(သစ်) လတ်ကြီး ကျပ် ၁၄၀၀၊ မုံရွာ (သစ်) လတ်သန့် ကျပ် ၉၀၀၊ မုံရွာ(သစ်) လတ်ချော ကျပ် ၄၀၀၊ ပခုက္ကူ(သစ်) ရှယ် ကျပ် ၁၇၀၀၊ ပခုက္ကူ(သစ်)လတ်ကြီး ကျပ် ၁၃၅၀၊ ပခုက္ကူ (သစ်)လတ်သန့် ကျပ် ၉၅၀၊ ပခုက္ကူ (သစ်)လတ်ချော ကျပ် ၄၀၀ ရှိကြောင်း သိရသည်။ ယခုတစ်ပတ်တွင် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ကျပ် ၅၀ ဈေးကျခဲ့သည်။ တရုတ်အာလူး ကျပ် ၆၅၀၀/ ၆၇၀၀ ရှိကြောင်း သိရသည်။

အောင်ပန်း အိုကေ(သစ်) ကျပ် ၅၅၀၀၊ အောင်ပန်း အက်စ်ဝမ်း(သစ်) ကျပ် ၆၀၀၀၊ အောင်ပန်း အက်စ်တူး(သစ်) ကျပ် ၆၈၀၀ ရှိကြောင်း သိရသည်။

**စောသန္တာသောင်း**
**DOCA (ရန်ကုန်)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၄-၁၀-၂၀၂၅)ရက်နေ့မှ (၃၀-၁၀-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1155 |
| ငွေလဲနှုန်း | 3108 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,487,175 | 7.33 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 17,948,700 | 29.31 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 121,275,000 | 198.04 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,790,200 | 15.99 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 45 | 27,557,550 | 45.00 |
| ၁၂ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 70 | 42,867,300 | 70.00 |
| ၁၃ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.333% | 47,851,234 | 78.14 |
| | **အထွေထွေစရိတ်ပေါင်း** | | **286,008,559** | **467.04** |
| ၁၄ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,589,740,000** | **5,861.85** |
| | **စရိတ်စုစုပေါင်း** | | **3,875,748,559** | **6,328.89** |



# နေပြည်တော်အတွင်း မိုးစပါးရိတ်သိမ်းမှုနှင့် ဈေးနှုန်း/ဈေးကွက် အခြေအနေ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မိုးကောင်း ရေသောက်နှင့် နွေစပါးစိုက်ပျိုးမှု မရှိသော လယ်မြေများတွင် မိုးစပါးရိတ်သိမ်းမှု အများဆုံးတွေ့ရှိရသည်။ နွေစပါးစိုက်ပျိုးခဲ့သော လယ်မြေများတွင် စိုက်ပျိုးထားရှိမှုများသည်လည်း အနှံထွက်ရှိလာသည့် အနေအထားများကို တွေ့ရှိလာရသည်။ မိုးစပါးသစ် ထွက်ရှိလာမှုအား အခြောက်ခံစက်ရှိ ဆန်စက်ကြီးများမှ ဝယ်ယူမှုအနေအထားကိုသာ တွေ့ရသည်။ တောင်သူများအနေဖြင့် ရိတ်ခြွေစက်ကျ(အစို)ဖြင့် ရောင်းချမှုများနှင့် နေလှန်းအခြောက်ခံပြီး သိမ်းဆည်းနေမှုများကို တွေ့ရှိနေရသည်။

မိုးစပါးသစ် ဈေးနှုန်းများဖြစ်ပေါ်နေမှုတွင် မနောသုခစပါးနှင့် ဆင်းသုခစပါးရိတ်သိမ်းမှုများသာ တွေ့ရှိနေရပြီး ဈေးနှုန်း ဖြစ်ပေါ်မှုတွင် တူညီစွာရှိနေသည်ကို တွေ့ရသည်။ မနောသုခစပါး (အစို) တစ်တင်း၁၅ပိဿာလျှင်ကျပ်၁၂၀၀၀ ရှိနေသည်။ ယခင်နှစ်လက်ကျန် မိုးစပါးဟောင်း (မနောသုခ) တစ်တင်း ၁၄ ပိဿာ ကျပ် ၂၀၀၀၀ ဈေးနှုန်းဖြစ်ပေါ်ခဲ့သည်။

မိုးစပါးသစ်ကြိတ်ခွဲမှုများမှ မိုးဆန်သစ်များအား ရန်ကုန်နှင့် မန္တလေးရှိ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့များသို့ တင်ပို့မှုရှိနေသည်။ ဒေသတွင်း စားသုံးမှုတွင် မိုးဆန်ဟောင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ဝင်ရောက်သော ဆန်များကိုသာ စားသုံးမှုရှိနေသည်ကို သိရသည်။

**DOCA (နေပြည်တော်)**

# အရောင်အသွေးစုံလင်စွာဖြင့် ဈေးကွက်တွင်ကျယ်လာသည့် မွန်ရိုးရာဝတ်စုံများ

**ရိုးရာဝတ်စုံသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး သို့မဟုတ် ဒေသတစ်ခု၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် အမှတ်တရကို ဖော်ညွှန်းသော အရာဖြစ်သည်။ ရိုးရာဝတ်စုံသည် ထိုနိုင်ငံ သို့မဟုတ် လူမျိုး၏ ရာဇဝင်၊ အနုပညာလက်ရာကို ထင်အပ်ပြသခြင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု အမှတ်အသားဖော်ပြခြင်း၊ မျိုးဆက် တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းလာသည့် ရိုးရာဓလေ့နှင့် ယုံကြည်မှုများကို ဆက်လက်ရှင်သန်စေရန် ကူညီပေးခြင်း၊ သမိုင်းနှင့် ယဉ်ကျေးမှုကို ထင်ဟပ်စေခြင်း စသည့် အချက်များကြောင့် အလွန်ပင်အရေးပါလှပါသည်။**

ရိုးရာဓလေ့ထိန်းသိမ်းမှုများတွင် ရိုးရာဝတ်စုံများထိန်းသိမ်းခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ မွန်လူမျိုးတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် နေထိုင်လာခဲ့ကြပါသည်။ လူတန်းစား အမျိုးမျိုးရှိခဲ့ကြသည့်အားလျော်စွာ ဝတ်စားဆင်ယင်မှုသည်လည်း လူတန်းစားကိုလိုက်၍ ဝတ်စားဆင်ယင်ခဲ့ကြသည်။

ကျဉ်းမြောင်းသော လူမျိုးရေးဝါဒီ ပဒေသရာဇာမင်းတို့ အုပ်စိုးသောခေတ်နှင့် နယ်ချဲ့တို့၏ လက်အောက်သို့ ရောက်ရသော ခေတ်တို့တွင် မွန်လူမျိုးတို့၏ စာပေယဉ်ကျေးမှုသည်လည်း လွှမ်းမိုးဖျက်ဆီးခြင်း ခံခဲ့ရသည်။ မြန်မာပြည်လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် မွန်ဒေသမှ ရက်ကန်းလုပ်ငန်းရှင်များသည် စီးပွားရေးအဖြစ်ဖြင့် ပိုမိုတွင်ကျယ်စွာ ရောင်းချနိုင်သော မြန်မာအဝတ်အထည်ကိုသာရက်လုပ်ခဲ့ကြသည်။

မွန်လုံချည်၊ မွန်ထဘီများကို သုတေသနပြုရာတွင် အနီရောင်သည် အပေါ်လွှင်ဆုံး အရောင်ဖြစ်သည်။ မွန်အမျိုးသားဝတ်စုံမှာ အပေါ်အင်္ကျီကို အဖြူရောင်တွင် အနီရောင်အစင်းဖြင့် လေးထောင့်ကွက်ကြီးဖော်ထားသော ပိတ်စဖြင့် ရှေးတိုက်ပုံကဲ့သို့ ချုပ်လုပ်ပြီး လက်ကိုမခေါက်ဘဲ ဆန့်ထားသည်။ အောက်အိတ်နှစ်လုံးတပ်ထားပြီး ကြိုးလေးချောင်းထည့်ထားသည်။ လုံချည်မှာ အနီပေါ်တွင် အဖြူရောင်အစင်းဖြင့် အကွက်ဖော်ထားပြီး အနီရောင်သည် ဇွဲသတ္တိ၊ လုံ့လ၊ ဝီရိယကို ရည်ညွှန်းပြီး အနီရောင်လေးတောင့်ကွက်ကို ကန့်ထားသည့် အဖြူစင်းများသည် စိတ်စေတနာဖြူစင်ခြင်းကို ရည်ညွှန်းသည်။ အဖြူရောင်လေးတောင့်ကွက်သည် လယ်ကွက် အမှတ်အသား၊ လယ်ယာလုပ်ငန်း၏ အမှတ်အသားဖော်သည်။ “ဇွဲလုံ့လ ဝီရိယ အားစိုက်ရသည့် လယ်ယာအလုပ်ကို ဖြူစင်သည့် စိတ်စေတနာဖြင့် လုပ်ဆောင်ခြင်း၊ ဖြူစင်သော စိတ်စေတနာကသာ အရာရာကို ကွပ်ကဲခြင်း”ဟု အဓိပ္ပာယ်ရသည်။

မွန်အမျိုးသမီးဝတ်စုံမှာ အဖြူရောင်၊ V ပုံသဏ္ဍာန်လည်ဝိုက်၊ ရင်စေ့၊ ကြိုးငါးချောင်းတပ်၊ လက်ရှည်၊ အင်္ကျီနှင့် ထဘီမှာ အနီခံ၊ ကြက်ခြေခေတ်အနက်အကွက်၊ ရောင်စုံအဆင်း၊ အနီပြောင်ဟူ၍ ထပ်ဆင့်အထည်ဖြစ်ပါသည်။ မွန်အမျိုးသမီးများသည် ပုဝါကို ပခုံးတစ်ဖက်တွင် သိုင်းကာ ဝတ်ဆင်လေ့ရှိသည်။

မွန်ရိုးရာဝတ်စုံကို မင်္ဂလာပွဲများ၊ အလှူအတန်းများ၊ ဘာသာရေးပွဲများ၊ နှစ်သစ်ကူးပွဲတော်များ၊ မွန်အမျိုးသားနေ့ အခမ်းအနားများတွင် ဝတ်စားဆင်ယင်ကြသည်။ မွန်ဝတ်စုံကို ခေတ်ပြောင်းလဲ တိုးတက်လာသည့်နှင့်အညီ မွန်ရိုးရာမပျက် ထိန်းသိမ်းကာ တီထွင်ဆန်းသစ်မှုများဖြင့် ကာလာစုံ၊ ဒီဇိုင်းစုံများ ဖန်တီး ကာထုတ်လုပ်ထားသည့် မွန်ရိုးရာဝတ်စုံကို လူအများက နှစ်သက်စွာ ဝတ်ဆင်လာကြသဖြင့် ဈေးကွက်အခွင့်အလန်းများ ပိုမို ပွင့်လန်းလာခဲ့သည်။ အဆိုပါမွန်ရိုးရာ ဝတ်စုံများကို ဒေသတွင်းရှိ Super Market များ၊ ရိုးရာအဝတ်အထည်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ နိုင်ငံတော်အထိမ်းအမှတ်ပြပွဲများ၊ ဈေးရောင်းပွဲတော်များတွင် ရောင်းချလျက်ရှိသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ e.commerce, Digital Market များမှ အွန်လိုင်းဖြင့် ရောင်းချသဖြင့် မွန်ပြည်နယ်အတွင်းသာမက ဒေသ အစုံမှမှာယူကြကြောင်း သိရှိရသည်။

“အခုအချိန်မှာက မွန်ရိုးရာ ဝတ်စုံတွေကို အဖြူရောင်နဲ့ အနီရောင်သာမက အရောင်မျိုးစုံနဲ့ ရိုးရာအဆင်အတိုင်း မပျက် ရက်လုပ်လာကြပါတယ်။ ရိုးရာအဖြူနဲ့ အနီကိုတော့ မွန်ပြည်နယ်နေ့၊ မွန်အမျိုးသားနေ့လိုမျိုး နေ့ထူးနေ့မြတ်တွေမှာ ဝတ်ဆင်ကြတယ်။ မင်္ဂလာပွဲတွေ၊ အလှူပွဲတွေမှာကျတော့ မွန်အဆင်အခြား အရောင်တွေကို ဝတ်ဆင်ကြတာများတယ်၊ ထသွား ထလာဆိုရင်လဲ အခြားအရောင်တွေ ဝတ်ဆင်ကြတာများတယ်”ဟု မွန်ရိုးရာဝတ်စုံရောင်းချသူမှ ပြောကြားခဲ့သည်။

“ကျွန်မတို့ကတော့ ကိုယ့်ဆိုင်နဲ့ကိုယ်ရောင်းချတယ်၊ မွန်ပုဆိုး၊ မွန်ထမိန်ကို မွန်တွေသာမက အခြားဒေသက လူတွေလည်း ကြိုက်နှစ်သက်ကြတယ်၊ အခုဆိုရင် Online ကပါ ရောင်းချတဲ့အတွက် အခြားနယ်တွေကလည်း Online ကနေမှာယူကြတယ်” ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဈေးနှုန်းများမှာ မွန်အမျိုးသားတိုက်ပုံတစ်ထည်လျှင် ကျပ် ၂၅၀၀၀ မှ ၅၀၀၀၀ ထိ၊ မွန်ပုဆိုးတစ်ထည်လျှင် ကျပ် ၁၈၀၀၀ မှ ၄၀၀၀၀ ထိ၊ မွန်အမျိုးသမီးဝတ်စုံ ဝမ်းဆက်တစ်စုံလျှင် ကျပ် ၂၈၀၀၀ မှ ၃၅၀၀၀ ထိရှိပြီး ပိတ်စအပေါ်မူတည်၍ ဈေးနှုန်းကွာဟမှုများရှိကြောင်း သိရသည်။ ဈေးနှုန်းအနေကတော့ ချည်သား၊ ယုံသား၊ ၂/၈၀ ချည် စသည်ဖြင့် ပိတ်စပေါ်မူတည် ပြီးတော့ အစားစားကွဲသွားပါတယ်ဟု ၎င်းကပြောကြားခဲ့သည်။

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်စေရန်၊ ရက်ကန်းလုပ်ငန်းဆိုင်ရာ အတတ်ပညာများ ဖြန့်ဖြူးပေးရန်၊ ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော အထည်လုပ်ငန်းများကို တီထွင်နိုင်သည့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဦးစီးဌာနအနေဖြင့် ရက် ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း မုဒုံတွင် ဖွင့်လှစ်ကာ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်းခြောက်လသင်တန်းတို့ကို သင်ကြားပို့ချသေးလျက်ရှိသည်။ မွန်ပြည်နယ်တွင် ရိုးရာရက်ကန်းလုပ်ငန်း များမှာ မော်လမြိုင် မြို့နယ်တွင် ၁၇ ခု၊ မုဒုံမြို့နယ်တွင် ၂၅ ခုရှိကြောင်း သိရသည်။ အချို့ရက်ကန်းစင်များမှာ လက်ခစားစနစ်ဖြင့် ရက်လုပ်ကြကြောင်းသိရှိရသည်။

“ကျွန်မတို့က ကိုယ့်အိမ်မှာ လက်ရက်ကန်းစင်နဲ့ အငှားရက်လုပ်တာပေ့ါ၊ ရိုးရာအထည်ဆိုင်တွေက လာအပ်တာကို လက်ခံပြီး တစ်ထည်ရက်လုပ်ခ ၂၀၀၀ ဝန်းကျင်ရရှိပါတယ်၊ တစ်နေ့ကို ခြောက်ထည်နီးပါး ရက်လုပ်နိုင်လို့ တစ်ရက်ဝင်ငွေ ကျပ် ၁၂၀၀၀ နီးပါးရရှိတယ်”ဟု ဖားအောက်ကျေးရွာမှ တစ်ပိုင်တစ် နိုင် ရက်ကန်းလုပ်ငန်းရှင် တစ်ဦးက ပြောကြားခဲ့သည်။

ရိုးရာဝတ်စုံများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ခြင်းဖြင့် ဒေသတွင်းရှိ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပြီး၊ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ ယခုအကဲ့သို့ လူအများကြိုက်နှစ်သက်ပြီး ဈေးကွက်ဝယ်လိုအားကောင်းသည့် မွန်ရိုးရာဝတ်စုံလုပ်ငန်းကို မွန်ပြည်နယ် မော်လမြိုင်မြို့၏ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ရိုးရာဝတ်စုံသည် လူမျိုးတစ်မျိုး၏ အမှတ်အသားယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ပုံရိပ်ကို ထင်ဟပ်စေခြင်း၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးခြင်း၊ ရိုးရာဓလေ့ကိုအသက်ဝင်စေခြင်း၊ ဒေသခံပြည်သူများ(ရိုးရာဝတ်စုံရက်လုပ်သူ) များ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးစေနိုင်ပြီး ဝင်ငွေတိုးတက်စေခြင်း စသည်တို့ကြောင့် ရိုးရာဝတ်စုံသည် အမြင်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ အဝတ်အစားတစ်ခုအနေဖြင့်သာ မြင်နိုင်သော်လည်း ၎င်းဝတ်စုံတွင် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ သမိုင်းဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် အနှစ်သာရပင် ဖြစ်ပါသည်။

**Credit: Nini Hlaing (မွန်သမိုင်း) (Mon History)**
**စောမုံညင်း (၁၉၈၉) ၊ Khin Lin Naing Pochi**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက**
**အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ထိုင်းနိုင်ငံဆန်တင်ပို့မှု နှစ်စဉ်ရည်မှန်းချက် ပြည့်မီနိုင်

လွန်ခဲ့သည့်နှစ်ထက်တန်ဖိုး ၄၀ ရာခိုင်နှုန်းကျဆင်းသော်လည်း ယခုနှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ရည်မှန်းချက်ဖြစ်သည့် တန်ချိန် ၇ ဒသမ ၅ သန်း ပြည့်မီနိုင်သည့် လမ်းကြောင်းပေါ်တွင် ရှိနေကြောင်း ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်းက ပြောကြားခဲ့သည်။ အသင်း၏ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်သူ Chookiat Ophaswongse က ယခုနှစ်ဇန်နဝါရီမှ စက်တင်ဘာလထိတွင် ဆန်တန်ချိန် ၅ ဒသမ ၉ သန်း တင်ပို့ခဲ့ပြီး နှစ်စဉ်ပို့ကုန်ရည်မှန်းချက်ပြည့်မီရန် ယခုနှစ်၏ စတုတ္ထ သုံးလပတ်ကာလတွင် တစ်လလျှင်ပျမ်းမျှ တန်ချိန် ၅၀၀၀၀၀ ကျော် တင်ပို့ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထိုကာလအတွင်း တစ်လလျှင်တန်ချိန် ၆၀၀၀၀၀ တင်ပို့နိုင်ပါက စုစုပေါင်းတင်ပို့မှုမှာ တန်ချိန် ၈ သန်းအထိ ရောက်ရှိနိုင်ကြောင်း သိရသည်။ သို့သော် ရောင်းလိုအားများပြားသော်လည်း ဝယ်လိုအားကျဆင်းမှုကြောင့် ယခုနှစ်ကမ္ဘာ့ဆန်ဈေးကွက်သည် ၂၀၂၄ ခုနှစ်ကထက် ဆိုးရွားနိုင်ကြောင်း သိရသည်။ ဒေသတွင်းအဓိကဆန်တင်သွင်းသူများဖြစ်သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့သည် ပြည်တွင်းထုတ်လုပ်မှုလုံလောက်မှုနှင့် ပြည်တွင်းဆန်ဈေးကွက်များ တည်ငြိမ်ရန် လိုအပ်သောကြောင့် ၎င်းတို့၏တင်သွင်းမှုများကို ရပ်တန့်ထားကြောင်း သိရသည်။ ဖိလစ်ပိုင်သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဆန်တန်ချိန် ၃၀၀၀၀၀ တင်သွင်းရန်စီစဉ်ထားသော်လည်း ယခုအခါ ဖေဖော်ဝါရီလမှ ဧပြီလထိ သုံးလတင်သွင်းမှု ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။

ထိုအချက်များသည် ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းများကျဆင်းမှုကိုဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ ၅ရာခိုင်နှုန်း ဆန်ဖြူသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀၊ မြန်မာဆန် အမေရိကန်ဒေါ်လာ ၃၁၀၊ ပါကစ္စတန်ဆန် အမေရိကန်ဒေါ်လာ ၃၃၀၊ အိန္ဒိယဆန် အမေရိကန်ဒေါ်လာ ၃၃၀ နှင့် ဗီယက်နမ်ဆန် အမေရိကန်ဒေါ်လာ ၃၆၀ ဈေးနှုန်းရှိကြောင်းသိရသည်။ ယခုနှစ်၏ စက်တင်ဘာလတွင် ဗီယက်နမ်သည် ဆန်တန်ချိန် ၆ဒသမ ၈ သန်းတင်ပို့ခဲ့ပြီး အိန္ဒိယက တန်ချိန် ၁၈ သန်းတင်ပို့ခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ယခုနှစ်တွင် တန်ချိန် ၂၂ ဒသမ ၂၃ သန်းနှင့် ဗီယက်နမ်သည် တန်ချိန် ၈ ဒသမ ၅ သန်း တင်ပို့ရန် မျှော်မှန်းကြောင်း သိရသည်။

ထိုင်းဆန်သည် ၂၀၂၄ ခုနှစ်တွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၀၀ မှ ယခုနှစ်တွင် အမေရိကန် ဒေါ်လာ ၃၄၀ ပတ်လည်အထိကျဆင်းခဲ့ကြောင်း သိရသည်။ Mr Chookiat က ထိုင်း hom mali ဆန်နှင့် ပေါင်းဆန်တို့သည် ယခုနှစ်တွင် စွမ်းရည်ကောင်းနေကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ဈေးကွက်တွင် ထိုင်း hom mali ဆန်အတွက် ဝယ်လိုအားကောင်းနေပြီး ဝယ်ယူသူများသည် အမေရိကန်နိုင်ငံမှ ကောက်ခံမည့် အခွန်သက်ရောက်မှု အလားအလာကို စိုးရိမ်မှုကြောင့် ဝယ်ယူစုဆောင်းနေကြောင်း သိရသည်။

အမေရိကန်သည် နှစ်စဉ် ထိုင်းနိုင်ငံထံမှ ဆန်တန်ချိန် ၈၃၀၀၀၀ တင်သွင်းပြီး ထိုပမာဏထဲမှ တန်ချိန် ၆၅၀၀၀၀ သည် hom mali ဆန်ဖြစ်ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၉ ဒသမ၉၅ သန်းတင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

**Bangkok Post, မြသူ၊ DOCA (ရန်ကုန်)**

# မက္ကဆီကိုက အချိုရည်များအပေါ် အခွန်တိုးမြှင့် ကောက်ခံသွားမည်

မက္ကဆီကိုအစိုးရသည် စားသုံးမှုလျှော့ချရန်နှင့် အဝလွန်ခြင်းကို တိုက်ဖျက်ရန် ကြိုးပမ်းမှုတစ်စိတ် တစ်ပိုင်းအနေဖြင့် သကြားပါသော အချိုရည်များအပေါ် အခွန်တိုးကောက်ရန် တွန်းအားပေးလျက်ရှိသည်။ မက္ကဆီကို ကျန်းမာရေးအာဏာပိုင်များ၏အဆိုအရ နိုင်ငံသည် လူတစ်ဦးလျှင် သကြားပါသော အချိုရည် ဂါလန် ၄၄ ဂါလန် နှစ်စဉ် ပျမ်းမျှ သောက်သုံးမှု မှတ်တမ်းရှိပြီး ၎င်းသည် ကမ္ဘာ့အမြင့်ဆုံးနှုန်းထားများထဲမှ တစ်ခုဖြစ်ပြီး အရွယ်ရောက်ပြီးသူ ၃၈ဒသမ ၉ ရာခိုင်နှုန်းသည် အဝလွန်သူများအဖြစ် သတ်မှတ်ထားသည်။

မကြာသေးမီက အောက်လွှတ်တော်မှ အတည်ပြုခဲ့သော အစိုးရအဆိုပြုချက်တွင် သကြားပါသော အချိုရည်များအတွက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများဆိုင်ရာ အထူးအခွန်နှုန်းထားကို တစ်လီတာလျှင် ၂၁ ဆင့်ခန့် တိုးပေးခဲ့သည်။ ဆီးချိုရောဂါ၊ အဝလွန်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကို တိုက်ဖျက်ရန် ရည်ရွယ်သည့် ပြည်သူ့ကျန်းမာရေး အစီအစဉ်များသို့ အပိုဝင်ငွေ ရရှိမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ ငွေရှာရန်မဟုတ်ဘဲ စားသုံးမှုကို လျှော့ချရန်ဖြစ်ကြောင်း Sheinbaum ကဆိုသည်။

မက္ကဆီကိုသည် သကြားပါသော အချိုရည်များကို တစ်လီတာလျှင် ၅ ဒသမ ၅ ဆင့် အထူးအခွန်စည်းကြပ်ထားစဉ် ၂၀၁၄ ခုနှစ် ကတည်းက ကောက်ခံရရှိသော ရန်ပုံငွေများထဲသို့ ထပ်လောင်းထည့်ဝင်မည့် ဝင်ငွေ ဒေါ်လာ ၂ ဒသမ ၂၅ ဘီလီယံကျော်ကို ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံ ဆောင်ရွက်လျက်ရှိသည်။ ဤကျန်းမာရေးအခွန်အတွက် အတည်ပြုမှုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် မက္ကဆီကိုအစိုးရသည် ထုတ်ကုန်ပြုပြင်ပြောင်းလဲမှုနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ တာဝန်ယူမှုဆိုင်ရာ ကတိကဝတ်များပါဝင်သော အချိုရည်လုပ်ငန်း နှင့် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။

ကုမ္ပဏီများသည် ၂၀၂၇ ခုနှစ် အောက်တိုဘာလတွင် ၎င်းတို့၏ ထုတ်ကုန်များ၏ ၇၀ ရာခိုင်နှုန်းတွင် သကြားပါဝင်မှုကို ၃၀ ရာခိုင်နှုန်းလျှော့ချရန်၊ ကလေးများအတွက် ရည်ရွယ်သောကြော်ငြာများကို ဖယ်ရှားရန်နှင့် နှစ်လီတာနှင့် သုံးလီတာအရွယ်အစားကဲ့သို့သော ပုလင်းကြီးများ အရောင်းမြှင့်တင်ခြင်းကို ကန့်သတ်ရန် သဘောတူညီခဲ့ကြသည်။ National Action Party ၏ စီးပွားရေး ညှိနှိုင်းရေးမှူး Hector Saúl Tellez က အဆိုပါအစီအမံများသည် ကျန်းမာရေးအခွန်များ မဟုတ်သော်လည်း ရှင်းလင်းသော ဘဏ္ဍာရေး ရည်မှန်းချက်ဖြင့် ရိုးရိုးရှင်းရှင်း ကောက်ခံခြင်းဖြစ်ကြောင်း El Heraldo က ပြောကြားခဲ့သည်။

အသေးစား လုပ်ငန်းရှင်များကလည်း စိုးရိမ်ကြောင်း ဖော်ပြကြသည်။ သမ္မတမှ မကြေညာမီရက်ပိုင်း အလိုတွင် ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူ ၁၀၀၀ ကျော်က အဆိုပါ ပဏာမခြေလှမ်းအတွက် ထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

**Source: Yahoo၊ ဟန်ကိုကျော်၊ DOCA (ရန်ကုန်)**

# ရော်ဘာတင်ပို့မှုမှ ဒေါ်လာ ၅၄၉ သန်း ကမ္ဘောဒီးယား ရရှိနေ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ရော်ဘာနှင့် ရော်ဘာသစ်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၄၉ မီလီယံ ရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ရော်ဘာဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလထိ ရော်ဘာတန်ချိန် ၂၆၀၅၄၇ တန် ထုတ်လုပ်ခဲ့ရာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၈၁၀၁ တန် ၃ ဒသမ ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

စက်တင်ဘာလ တစ်လတည်းတွင် ထုတ်လုပ်မှုသည် တန်ချိန် ၄၂၄၂၉ တန်အထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် တန်ချိန် ၃၅၀၈ တန်၊ ၉ ဒသမ ၀၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၃၁၃ ၊ ၈ ဒသမ ၄၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန (MAFF) လက်အောက်ရှိ ရော်ဘာအထွေထွေဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Khun Kakada က ကမ္ဘောဒီးယားသည် အဆိုပါကာလအတွင်း ရော်ဘာတန် ၂၂၀၂၄၀ တင်ပို့ခဲ့ကြောင်း ယင်းမှာ ၂၀၂၄ အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန် ၂၈၂၉၅ ၁၁ ဒသမ၄ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ ရော်ဘာနှင့် ရော်ဘာသစ်တင်ပို့မှုမှ စုစုပေါင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅၄၉ သန်းကျော်ရှိပြီး ယင်းတွင် ရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၉၀ သန်းကျော်၊ ရော်ဘာသစ်တင်ပို့မှုမှာ ၃ သန်းကျော်နှင့် ပြည်တွင်း၌ ရော်ဘာရောင်းချမှုမှ အမေရိကန် ဒေါ်လာ ၁၅၆ သန်းရှိခဲ့ကြောင်း သိရသည်။

**Source : Khmer Times၊ ကျော်မြင့်ဦး၊ DOCA (ရန်ကုန်)**

# ဆန်တန်ချိန် တစ်သိန်းခန့် တင်သွင်းမည့် ဘင်္ဂလားဒေ့ရှ်အစိုးရ

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရသည် နိုင်ငံ၏ စားနပ်ရိက္ခာ အရန်ဆန်များ ဖြည့်တင်းရန်အတွက် ဆန်တန်ချိန် တစ်သိန်းခန့်တင် သွင်းမည်ဖြစ်ကြောင်းနှင့် အဆိုပါ တင်သွင်းမည့် ဆန်တစ်ဝက်ခန့်ကို အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ အစိုးရမှအစိုးရသို့ (G2G) အစီအစဉ်အရ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်ကို ဒါကာမြို့တွင် စီးပွားရေးအကြံပေး Saleuddin Ahmed ဦးဆောင်၍ ကျင်းပပြုလုပ်သော အစိုးရဝယ်ယူမှုဆိုင်ရာ အစိုးရကော်မတီ အစည်းအဝေး၌ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ G2G အစီအစဉ်အရ ဆန်တန်ချိန် ၅၀၀၀၀ ခန့်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ တစ်တန်လျှင် အမေရိ ကန်ဒေါ်လာ ၃၇၆ ဒသမ ၅ ဒေါ်လာနှုန်းဖြင့် တင်သွင်းသွားမည်ဖြစ်ပြီး ကျန်တန်ချိန် ၅၀၀၀၀ တန်ခန့်ကို အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခြင်းမှ တစ်ဆင့် ဒူဘိုင်းအခြေပြု M/S Credent One FZCO ထံမှ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၅ ဒသမ ၉၉ ဒေါ်လာနှုန်းဖြင့် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။



လက်ရှိ ဘဏ္ဍာနှစ်မှစတင်၍ Food Friendly Programme အောက်တွင် ဆန်ဖြန့်ချိမှုသည် သိသိသာသာ မြင့်တက်ခဲ့ပြီး သုံးလကာလ အတွင်းတွင် ပြည်သူလူထု ဆန်အရန်တန်ချိန်မှာ ၇၀၀၀၀၀ တန်ခန့် သိသိသာသာ ကျဆင်းသွားကြောင်း သိရသည်။ ဩဂုတ်လမှ အောက်တိုဘာလ ၂၁ ရက်နေ့အထိ ဆန်နှင့် ဂျုံအရန်တန်ချိန် စုစုပေါင်းသည် ၁ ဒသမ ၄၆ သန်းသို့ရောက်ရှိခဲ့ပြီး ဩဂုတ်လ ၇ ရက်နေ့တွင် မှတ်တမ်းတင်ခဲ့သော ဆန်နှင့်ဂျုံစုစုပေါင်းတန်ချိန် ၂ဒသမ၁၅ သန်းခန့် လျော့နည်းလျက်ရှိကြောင်း သိရသည်။

ဇူလိုင်လ ၁ ရက်နှင့် အောက်တိုဘာလ ၁၆ ရက်အတွင်း ဆန်ဖြန့်ဖြူးမှုသည် တန်ချိန်ပေါင်း ၄၁၃၀၀၀ တန်ချိန်ခန့်ရောက်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် နှစ်ဆ မြင့်တက် လာကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆန်နှင့် ဂျုံဖြန့်ချိမှုသည် ယခင်နှစ် ဘဏ္ဍာနှစ်တွင် တန်ချိန်ပေါင်း ၈၃၉၀၀၀ တန်ခန့် ဖြန့်ချိနိုင်ခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် တန်ချိန်ပေါင်း တစ်သန်းခန့် ဖြန့်ချိနိုင်ခဲ့သည်။ ဆန်ဖြန့်ချိမှုနှုန်း မြင့်မားလျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဆန်နှင့်ဂျုံ တင်သွင်းမှုများ လျော့နည်းလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာလ ၅ ရက်နေ့အထိ ဘင်္ဂလား ဒေ့ရှ်နိုင်ငံသည် ဆန်ချိန်ပေါင်း ၅၀၀၀၀ ခန့်တင်သွင်းခဲ့ပြီး ဂျုံတင်သွင်းမှု များမရှိခဲ့ကြောင်း သိရသည်။ ယခင်နှစ် ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရသည် ဆန်တန်ချိန် ၈၃၅၀၀၀ တန်ခန့်အပါ အဝင်ဆန်နှင့်ဂျုံ စုစုပေါင်း ၁ဒသမ ၃ သန်းတန်ခန့် တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**Source: The Daily Star၊ ညီမင်းထက်၊ DOCA(ရန်ကုန်)**

# အိန္ဒိယနိုင်ငံ၌ ဓာတ်မြေသြဇာ ဈေးနှုန်းများ မြင့်တက်နေ

တရုတ်နိုင်ငံသည် ယူရီးယားနှင့် အထူးဓာတ်မြေသြဇာများ တင်ပို့ခြင်းကို အောက်တိုဘာ ၁၅ ရက်နေ့မှစတင်၍ ဆိုင်းငံ့ခဲ့ရာ အိန္ဒိယပြည်တွင်း၌ အဓိကသီးနှံစိုက်ပျိုးကာလဖြစ်သော ဆောင်း သီးနှံရာသီမတိုင်မီ ဓာတ်မြေသြဇာ ဈေးနှုန်းများ မြင့်တက်လာကြောင်း ချန်နိုင်းမြို့ အခြေစိုက် The Federal အိန္ဒိယသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသည် စစ်ဆေးကြပ်မတ်မှုများ တိုးမြှင့်လုပ်ဆောင်မှုနှင့်အတူ တင်ပို့မှုထပ်မံဆိုင်းငံ့ခဲ့သဖြင့် အိန္ဒိယကိုသာမက ကမ္ဘာ့ဈေးကွက်အပေါ် သက်ရောက်မှုဖြစ်စေခဲ့သည်။

ထိုကဲ့သို့ တင်ပို့မှု ရပ်ဆိုင်းရာတွင် နည်းပညာသုံး မိုနိုအမိုနီယမ်ဖော့စဖိတ် (Technical Monoammonium Phosphate - TMAP) ကဲ့သို့သော အထူးဓာတ်မြေသြဇာများနှင့် AdBlue ကဲ့သို့သော ယူရီးယား ပျော်ဝင်ပစ္စည်းထုတ်ကုန်များအပြင် သမားရိုးကျ ဓာတ်မြေသြဇာများဖြစ်သည့် ဒိုင်အမိုနီယမ်ဖော့စဖိတ် (DAP) နှင့် ယူရီးယားတို့ ပါဝင်ကြောင်း သိရသည်။

အိန္ဒိယ ဓာတ်မြေသြဇာလုပ်ငန်းရှင်များအသင်း (SFIA) မှ ဥက္ကဋ္ဌ Rajib Chakraborty က တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းသို့ ဓာတ် မြေသြဇာတင်ပို့မှုကို အောက်တိုဘာ ၁၅ ရက်တွင် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး ရှေ့လာမည့် ငါးလမှ ခြောက်လခန့်အထိ ကြာမြင့်မည်ဟု ယူဆရကြောင်း PTI သတင်းဌာနသို့ ပြောကြားခဲ့သည်။



အိန္ဒိယနိုင်ငံအနေဖြင့် TMAP နှင့် AdBlue တို့အပါအဝင် ၎င်းလိုအပ်သော အထူးဓာတ်မြေသြဇာများ၏ ၉၅ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံထံမှ ရယူတင်သွင်းလျက်ရှိသည်။ အိန္ဒိယသည် နှစ်စဉ် အထူးဓာတ်မြေသြဇာများ တန်ချိန် ၂၅၀၀၀၀ ခန့်ကို တင်သွင်းလျက်ရှိပြီး ၎င်းအနက် ၆၀ မှ ၆၅ ရာခိုင်နှုန်းခန့်ကို အောက်တိုဘာမှ မတ်လအတွင်း စိုက်ပျိုးသည့် ဆောင်းသီးနှံရာသီ၌ အသုံးပြုခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ တင်ပို့မှုရပ်ဆိုင်းခြင်းကြောင့် ပုံမှန်ထက် ဈေးနှုန်းမြင့်မားနေခဲ့သော အထူးဓာတ်မြေသြဇာများ၏ ဈေးနှုန်းများသည် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာနိုင်သည်ဟု Mr. Chakraborty က ပြောထားသည်။

ဓာတ်မြေသြဇာလုပ်ငန်းနယ်ပယ်မှ အစိုးရအရာရှိများကမူ ဈေးနှုန်းများအပေါ် သက်ရောက်မှုရှိမည်ဖြစ်သော်လည်း ရှေ့လာမည့် ဆောင်းသီးနှံရာသီအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းရန်မှာ ပြဿနာမရှိကြောင်း၊ ကုန်သည်များသည် ကမ္ဘာအရပ်ရပ်ရှိ ကုန်သွယ်ရေးအေဂျင်စီများထံမှ ရယူ ဖြည့်တင်းထားပြီးဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ရှေ့လာမည့် ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးရေရရှိနိုင်မှုအပေါ် မူတည်၍ သီးနှံစိုက်ပျိုးမှုကို ၂၀၂၆ ခုနှစ်မတ်လအထိ တိုးချဲ့ရဖွယ်ရှိသဖြင့် အကယ်၍ မတ်လနောက်ပိုင်း၌ တရုတ်နိုင်ငံဘက်မှ ဓာတ်မြေသြဇာတင်ပို့မှုကို ဆက်လက်တားမြစ်ထားဦးမည်ဆိုပါက စိုးရိမ်ဖွယ်ရှိမည်ဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် တောင်အာဖရိက၊ ချီလီနှင့် ခရိုအေးရှားတို့ အပါအဝင် အခြားသော ဓာတ်မြေသြဇာပေးသွင်းသည့် အရင်းအမြစ်များ ရှိထားပြီးဖြစ်ကြောင်း၊ သို့သော် ၎င်းတို့ထံမှ ထုတ်ကုန်တစ်မျိုး သို့မဟုတ် နှစ်မျိုးမျှကိုသာ ရရှိနိုင်ကြောင်း Mr. Chakraborty က ပြောကြားခဲ့သည်။

**Source: The Federal**

**UNAL, DOCA**

# ဗီယက်နမ်၏ ပျမ်းမျှ ဆန်ပို့ကုန်ဈေးနှုန်း ၁၈ ဒသမ၅ ရာခိုင်နှုန်း ကျဆင်း

ဖိလစ်ပိုင်နိုင်ငံသည် စက်တင်ဘာ ၁ ရက်မှစ၍ ဆန်တင်သွင်းမှုကို ဆိုင်းငံ့ထားခြင်းကြောင့် ဗီယက်နမ်၏ ပျမ်းမျှဆန်တင်ပို့မှု ဈေးနှုန်းသည် ယခုနှစ် စက်တင်ဘာလတွင် ၁၈ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။


အဆိုပါကာလအတွင်း ဗီယက်နမ်သည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅ ဘီလီယံတန်ဖိုးရှိသော ဆန်တန်ချိန် ခုနစ်သန်းခန့် တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း တန်ဖိုးအားဖြင့် ၁၈ဒသမ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ပျမ်းမျှ ဆန်ပို့ကုန် ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၉ နှုန်းသို့ ရောက်ရှိခဲ့သည်။

ဖိလစ်ပိုင်သို့ ဆန်တင်ပို့မှုမှာ တန်ဖိုးအရ ၁၆ဒသမ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း စုစုပေါင်း ဆန်တင်ပို့မှု၌ ၄၄ ရာခိုင်နှုန်း ပါဝင်လျက် ဗီယက်နမ်၏ အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက် တည်ရှိနေပြီး ၎င်း၏နောက်တွင် ဂါနာသည် ၁၁ဒသမ၄ ရာခိုင်နှုန်းနှင့် အိုင်ဗရီကို့စ်သည် ၁၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အသီးသီးရပ် တည်နေသည်။ ဖိလစ်ပိုင်သည် ပြည်တွင်းစပါးဈေး တည်ငြိမ်စေရန် ဒီဇင်ဘာလအထိ ဆန်တင်သွင်းခွင့် ပိတ်ပင်ထားသောကြောင့် ကမ္ဘာ့ဆန်ဝယ်လိုအားမှာ အားနည်းနေပြီး ယခုနှစ်ကုန်အထိ အရောင်းအဝယ် နှေးကွေးမည်ဟု ကုန်သည်များက ခန့်မှန်းထားကြသည်။

ဟိုချီမင်းမြို့တွင် ပြည်တွင်းဆန်ဈေးသည် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ် ဒေါင် ၁၀၀၀ ခန့် ကျဆင်းသွားကြောင်း သိရသည်။ လက်ရှိ ကာလတွင်Daklak ပြည်နယ်မှ ST25 ဆန်ကို တစ်ကီလိုဂရမ်လျှင် ဒေါင် ၁၉၅၀၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိပြီး မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသတွင် ပြည်ပပို့ကုန် အရည်အသွေး အဆင့်ရှိသော OM 18 စပါး တစ်ကီလိုဂရမ်လျှင် ဗီယက်နမ် ဒေါင် ၈၅၀၀ မှ ၈၇၀၀ အတွင်းနှင့် IR 504 စပါး တစ်ကီလိုဂရမ်လျှင် ဗီယက်နမ် ဒေါင် ၇၉၀၀ မှ ၈၀၅၀ အတွင်း ဈေးနှုန်းများသို့ အနည်းငယ်စီ ကျဆင်းခဲ့သည်။

**Source: The Saigon Time**

**DHTSN, DOCA**





# မလေးရှား၏ စားအုန်းဆီကြမ်းဈေးနှုန်း ဆက်လက်မြင့်တက်နေဦးမည်

မလေးရှားစားအုန်းဆီကောင်စီ (MPOC) က စားအုန်းဆီကြမ်း ဈေးနှုန်းသည် ဇီဝဒီဇယ် ဝယ်လိုအားနှင့် တင်ပို့နိုင်ရန်လိုအပ်သော ကုန်လက်ကျန်ပမာဏ မသေချာမရေရာမှုများကြောင့် တစ်တန်လျှင် မလေးရှားရင်းဂစ် ၄၄၀၀ အထက်တွင် တည်ငြိမ်နေမည်ဟု အောက်တိုဘာ ၂၁ ရက် တွင် ပြောကြားခဲ့ကြောင်း မလေးရှားနိုင်ငံအခြေစိုက် The Star Online သတင်းဌာနက ဖော်ပြ သည်။

အာဂျင်တီးနားနိုင်ငံမှ ပဲပုပ်ဆီ ရောင်းလိုအားတင်းကျပ်ခြင်းနှင့် အင်ဒိုနီးရှား၏ စားအုန်းဆီ ၅၀ ရာခိုင်နှုန်း ရောနှောအသုံးပြုမည့် ဇီဝဒီဇယ် (B50) ထုတ်လုပ်ပိုင်ခွင့်၏ သိုလှောင်မှုပမာဏအပေါ် သက်ရောက်မှုအား စိုးရိမ်ပူပန်မှုဖြစ်ပေါ်ခြင်းတို့က စားအုန်းဆီဈေးနှုန်းကို အထောက်အကူ ဖြစ်စေသည်ဟု MPOC က ထုတ်ပြန်သည်။ သို့သော် ရေနံစိမ်းဈေးနှုန်း ကျဆင်းမှု၊ တရုတ်နှင့် အိန္ဒိယ တို့ကဲ့သို့ အဓိကဈေးကွက်များတွင် ဟင်းသီးဟင်းရွက်ဆီ သိုလှောင်မှု မြင့်မားမှု၊ အမေရိကန် - တရုတ် ကုန်သွယ်ရေးစစ်ပွဲနှင့် ပဲပုပ်သိုလှောင်မှုလက်ကျန် မြင့်တက်လာခြင်းတို့ကြောင့် ဆက်လက်သတိပြုရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်၊ မေလတွင် အမေရိကန် ပဲပုပ်တင်သွင်းမှုကို ရပ်ဆိုင်းခဲ့ပြီး ယခုအခါ တောင်အမေရိကမှ အဓိကဝယ်ယူနေသောကြောင့် အမေရိကန်၏ ပဲပုပ်သိုလှောင်မှု လက်ကျန်များသည် ပြီးခဲ့သည့်လရိတ်သိမ်းချိန်မှစတင်၍ တိုးမြင့်လာကြောင်း၊ အမေရိကန်၏ ၂၀၂၆ ခုနှစ်တွင် ပဲပုပ်ဆီ ၄၅ ရာခိုင်နှုန်း ရောစပ်အသုံးပြုမည့် ဇီဝလောင်စာဆီ (45Z) ထုတ်လုပ်မည့် မူဝါဒအရ ပြည်တွင်း၌ ကြိတ်ခွဲထုတ်လုပ်မှုအားကောင်းလျက် ပဲပုပ်ဆီ စားသုံးမှု မြင့်မားနိုင်မည်ဟု မျှော်မှန်းထားပြီး ပြည်တွင်း၌ ထုတ်လုပ်သည့် အစားအစာများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ခြင်းဆိုသည့်အချက်က တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှု သိသိသာသာ ကျဆင်းခြင်းကို ဖြစ်စေနိုင်သည့်အချက်များဟု ယူဆရအောင် လုံလောက်မှု မရှိကြောင်း MPOC က ဆက်လက်ပြောကြားခဲ့သည်။

ပြည်တွင်းဇီဝလောင်စာလိုအပ်ချက်ကြောင့် အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့မှ တင်ပို့နိုင်သော ပဲပုပ်ဆီ ရောင်းလိုအားမှာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၇ သန်းရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၆ သန်းထိ ကျဆင်းနိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ၄၁ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သောကြောင့် လာမည့် ရာသီတွင် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဝယ်လိုအားသည် နေကြာဆီအပေါ် များစွာ မှီခိုအားထားရဖွယ်ရှိနိုင်မည်ဟု MPOC က ခန့်မှန်းပြောဆိုသည်။

၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ကမ္ဘာ့ဈေးကွက်တွင် လျှော့ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့် စားအုန်းဆီသည် ပဲပုပ်ဆီထက် ဈေးနှုန်းမြင့်တက်ကာ ပရီမီယံအဆင့်သို့ တစ်ဖန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းနှင့် အောက်တိုဘာလလယ်တွင် စားအုန်းဆီဈေးနှုန်းသည် ဥရောပနှင့် အိန္ဒိယရှိ ပဲပုပ်ဆီထက် တစ်တန်လျှင် ၄၂ ဒေါ်လာနှင့် ၂၆ ဒေါ်လာ အသီးသီးဈေးနှုန်းပိုမိုမြင့်မားခဲ့ကြောင်း သိရသည်ကို The Star Online သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

**Source: The Star Online**

**D Thi, DOCA**

# ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူများ

## ထွန်းသက်ထွန်း


ကော်နာစတုန်းဆိုသည်မှာ အင်္ဂလိပ်စကားလုံး (Cornerstone) ၏ အသံထွက်ကို တိုက်ရိုက်ယူ ထားခြင်း ခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ အဆောက်အအုံတစ်ခု၏ အုတ်မြစ်ဖြစ်သည်။ ယင်းကိုငွေရေးကြေးရေးလောကတွင် မွေးစားကာလုပ်ငန်းတစ်ခု အခြေခံတောင့်တင်းစေရန်အတွက် ကနဦးငွေကြေးထည့်ဝင်ပေးသူများကို cornerstone investor ဟု တင်စားခေါ်ဝေါ်လေ့ရှိသည်။ ကုမ္ပဏီတစ်ခု ရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့် လုပ်ငန်းစဉ်တွင် လိုအပ်သည့် ငွေကြေးများကို ကနဦး အာမခံကာ ထည့်ဝင်ပေးသည့် ရင်းနှီးမြှုပ်နှံသူများကို ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူ (Cornerstone Investor) သို့မဟုတ် ကျောက်ဆူး ရင်းနှီးမြှုပ်နှံသူ (Anchor Investor) များဟု ခေါ်ဝေါ်လေ့ရှိသည်။

၎င်းတို့သည် ကုမ္ပဏီတစ်ခုမှ ရှယ်ယာ ထုတ်ဝေရောင်းချရာတွင် ဦးဦးဖျားဖျား ဝယ်ယူရင်းနှီးကြသည့် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ (Institutional Investor) ဖြစ်သည်။ အထူးဖြင့် အစိုးရရန်ပုံငွေ Sovereign wealth find များ၊ အကျိုးတူရန်ပုံငွေအဖွဲ့များ ၊ အာမခံ အဖွဲ့များ၊ ပင်စင်ရန်ပုံငွေအဖွဲ့များဖြစ်သည်။ ယင်းအဖွဲ့များသည် ရှယ်ယာထုတ်ဝေရောင်းချသည့် ကုမ္ပဏီ၏ အနာဂတ်အလားအလာနှင့် အကြောင်းခြင်းရာများကို သာမန်တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများထက် ပိုမိုသိရှိနားလည်သူများဖြစ်သည်။ သို့အတွက် ကုမ္ပဏီတစ်ခု အများပြည်သူသို့ ရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းမပြုမီ အထက်ပါအဖွဲ့များ၏ ပါဝင်မှုသည် ရင်းနှီး မြှုပ်နှံသူများကို ဆွဲဆောင်သည့် အဓိက အချက်ဖြစ်သလို ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်စိတ်ချမှုကို ပိုမိုရရှိစေသည်။

အဆိုပါ ကော်နာစတုန်းရင်းနှီးမြှုပ်နှံမှုများ ဥရောပတွင် ၂၀၁၁ ခုနှစ်တွင် အစပြု၍ ခေတ်စားလာသော်လည်း ဟောင်ကောင်ဒေသတွင် နှစ်အတော်ကြာကတည်းက ခေတ်စားနေပြီဖြစ်ပါသည်။ အခြားဈေးကွက်များနှင့်မတူဘဲ ဟောင်ကောင် စတော့အိပ်ချိန်း HKEX သည် ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူများနှင့် အိုင်ပီအို (IPO= အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း) အကြိုကာလ လုပ်ငန်းများကို တိုက်ရိုက် ကြီးကြပ်လေ့ရှိသည်။ အထူးသဖြင့် ကော်နာစတုန်းသမားများ ဝယ်ယူပြီး ပြန်လည်ရောင်းချမည့်ကာလကို ကန့်သတ်ခြင်း၊ ကုမ္ပဏီ သတင်းအချက်အလက်များကို ဖွင့်ဟကြေညာခြင်း၊ ဈေးနှုန်းများ သတ်မှတ်ခြင်းနှင့် ဒါရိုက်တာအမည်စာရင်း တင်သွင်းခြင်း စသည်တို့ကိုပါ တိုက်ရိုက်ကြီးကြပ်ကွက်ကဲလေ့ရှိ သည်။

အဆိုပါ ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူများ၏ အားသာချက်မှာ ဝယ်ယူမည့်ရှယ်ယာပမာဏအတွက် အာမခံချက်အပြည့်အဝရရှိခြင်းဖြစ်သည်။ အထူးသဖြင့် Cornerstone ရင်းနှီးမြှုပ်နှံသူများသည် ဝယ်ယူမည့်ရှယ်ယာ အရေအတွက်ထက် ထည့်ဝင်မည့် ငွေပမာဏကို ကတိကဝတ်ပြုခြင်းဖြစ်ပြီး ရရှိမည့်ရှယ် ယာအရေအတွက်မှာ ရှယ်ယာများမရောင်းချမီ book-building ပြုလုပ်ရာက ရရှိသည့် ရှယ်ယာဈေး (အိုင်ပီအိုပြုလုပ်မည့် ကုမ္ပဏီတစ်ခုကိုယ်စား Investment bank တစ်ခုက ဈေးကွက်တွင် အများပြည်သူ ဝယ်ယူနိုင်သည့်ဈေးကို ကွင်းဆင်းသုံးသပ်ခြင်း) အပေါ်မူတည်၍ ရှယ်ယာများ လက်ခံရရှိခြင်းဖြစ်သည်။ တစ်ခါတစ်ရံ IPO တွင် ဖြစ်သွားသည့်ဈေးထက် အနည်းငယ်လျှော့ကာ discount ဖြင့်ဝယ်ယူခွင့်ရရှိသည်။ ကော်နာစတုန်းတို့၏ အားသာချက်မှာ အများပြည်သူသို့ ရှယ်ယာများကမ်းလှမ်းရောင်းချရာတွင် အောင်မြင်သည့် အရေအတွက်၏ အချိုးအစားတစ်ခုကို သေချာပေါက် ဝယ်ယူရရှိခြင်းဖြစ်သည်။ သို့ရာတွင် ဝယ်ယူရရှိသည့် ရှယ်ယာများကို သတ်မှတ်ကာလတစ်ခုအထိ ရောင်း ချခွင့်မရှိဘဲ Lock လုပ်ထားရသည်။ တစ်ခါ တစ်ရံ စတော့ဈေးကွက်ထိန်းကျောင်းသည့် Securities Exchange Commission များသည် အထက်ပါ ရင်းနှီးမြှုပ်နှံသူများသို့ အများဆုံး ရောင်းချခွင့်ရှိသည့် ပမာဏကို ကန့်သတ်ထားသည်လည်းရှိသည်။

ထူးခြားချက်တစ်ခုမှာ ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူ (Cornerstone Investor) နှင့် ကျောက်ဆူး ရင်းနှီးမြှုပ်နှံသူ (Anchor Investor) တို့၏ အခန်းကဏ္ဍ မတူညီဘဲ ကွဲပြားခြားနားမှုရှိနေခြင်းပင်ဖြစ်သည်။ ရှယ်ယာအရေအတွက် များပြားစွာ ဝယ်ယူမှု တူညီသော်လည်း ဝယ်ယူသည့်စနစ်မှာ ကွဲပြားခြားနားသည်။ ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူ (Cornerstone Investor) များသည် ကျောက်ဆူးရင်းနှီး မြှုပ်နှံသူထက် စောစွာဝယ်ယူမည့် ငွေကြေး ပမာဏကို ကတိကဝတ်ပြုသူထားသူများဖြစ်သော်လည်း




ကျောက်ဆူး ရင်းနှီးမြှုပ်နှံသူများမှာကား book-building ပြုလုပ်သည့် ကာလမှသာ ပါဝင်အဆိုပြုသည့် အဖွဲ့များဖြစ်သည်။ သို့အတွက် ၎င်းတို့ဝယ်ယူရရှိနိုင်မည့် ရှယ်ယာအရေအတွက်မှာမူ အာမခံချက် မရှိပါ။ ၎င်းတို့ ဝယ်ယူရရှိသည့် ရှယ်ယာ အရေအတွက်ကို အလားအလာညွှန်းတမ်း (prospectus)တွင် ဖော်ပြရန်မလိုအပ်သလို ဝယ်ယူရရှိပြီးသည့် ရှယ်ယာ များကို မရောင်းဘဲ ထိန်းချုပ် (Lock) ထားရန် မလိုအပ်ပါ။

အစဉ်အလာအားဖြင့် ကုမ္ပဏီတစ်ခု၏ဒါရိုက်တာအဖွဲ့သည် အများပြည်သူသို့ ရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းမပြုမီ အစောပိုင်းကာလများတွင် ဝယ်ယူရန် အလားအလာရှိသည့် အဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းမှုပြုသည့် အဆင့်များကို ဖြတ် သန်းကြရသည်။ IPO အကြိုကာလများတွင် ဝယ်ယူရန် ကတိကဝတ်ပြုထားသည့်အဖွဲ့များ၏ ရည်ရွယ်ချက်မှာ ရောင်းချသည့် ကုမ္ပဏီအောင်မြင်ရေးအတွက် တွန်းအားပေးခြင်းနှင့် ဝယ်ယူရရှိပြီးသည့် ရှယ်ယာများကို ုသခု ကာလအပြီးတွင် ပြန်လည်ရောင်းထုတ်ကာ ငွေကြေး အကျိုးအမြတ်များ ရယူရန်ဖြစ်သည်။

### Book building vkyfief;pOfrsm;

ကုမ္ပဏီမှထုတ်ဝေရောင်းချမည့် ရှယ်ယာများအတွက် အများပြည်သူများထံမှ ဝယ်ယူနိုင် ခြေရှိမည့် ဈေးနှုန်းကို အကဲစမ်းသည့်စနစ်ဖြစ်သည်။ ရှယ်ယာများကို တာဝန်ခံရောင်းချမည့် ရင်းနှီးမြှုပ်နှံမှုဘဏ် (သို့မဟုတ်) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို အပြီးမသတ်မီ ဈေးကွက်ထဲသို့ဆင်း၍ ဝယ်ယူရန် အလားအလာကောင်းသည့် ရှယ်ယာရှင်များထံမှ ဖြစ်နိုင်ခြေရှိသည့် ဈေးကို စနည်းနာခြင်းဖြစ်သည်။ ရောင်းချမည့်ရှယ်ယာများအတွက် အမြင့်ဆုံး /အနိမ့်ဆုံးဈေး range ကိုသတ်မှတ်ပေးကာ ရှယ်ယာရှင်အများစုလက်ခံသည့်ဈေးကို နောက်ဆုံးပိတ်ရောင်းဈေးသတ်မှတ်ကာ အလားအလာညွှန်းတမ်းတွင် အပြီးသတ်ထည့်သွင်းရေးဆွဲသည်။ ယင်းလုပ်ငန်းစဉ်တွင် ဝယ်ယူရန် အဆိုပြုသူများသည် သတ်မှတ်ထား သည့်ဈေးနှုန်းဘောင်အတွင်းတွင် ဈေးပြိုင်စနစ်ဖြင့် ဈေးနှုန်းများ အဆိုပြုရသည်။ ထို့နောက် ဝယ်ယူရန်အဆိုပြုထားသူများသို့ ရှယ်ယာများခွဲဝေချထားကာ ရှယ်ယာရောင်းချခြင်းလုပ်ငန်းကို အပြီးသတ်သည်။

### tm&SSu aumfepwkefrsm;

အာရှမှ ကော်နာစတုန်းရင်းနှီးမြှုပ်နှံသူများသည် ကုမ္ပဏီများ IPO ပြုလုပ်ရာတွင် deal တစ်ခုချင်းအလိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်လေ့ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရများ၏ ရန်ပုံငွေများ၊ အစိုးရနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများမှ အစုလိုက်ပါဝင်ရင်းနှီးကြသည်ကို တွေ့မြင်ရသည်။ ဥပမာ - စင်ကာပူ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ Temasek Holding နှင့် GIC အဖွဲ့များ၊ မလေးရှားနိုင်ငံမှ Khazanah Nasional ၊ တရုတ်နိုင်ငံမှ CIC ၊ ကာတာနိုင်ငံမှ Abu Dhabi Investment Authority စသည်တို့အပြင် အက်ဆက် စီမံခန့်ခွဲသည့် အဖွဲ့များ၊ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ၊ hedge fund များလည်း ပါဝင်သည်။ ထို့အပြင် ကုမ္ပဏီတစ်ခုကို ထိန်းချုပ်နိုင်သည့် ပမာဏအထိဝယ်ယူနိုင်သည့် တစ်ဦးချင်းကြွယ်ဝချမ်းသာသူအချို့ (ဟောင်ကောင်မှ Mr. Li ka Shing နှင့် ၎င်း၏ Cheung Kong Holding ၊ Mr. Lee Shau Kee နှင့် ၎င်း၏ Henderson Land Development စသည် ) တို့သည်လည်း ကော်နာစတုန်း investor များအဖြစ် ပါဝင်လေ့ရှိသည်။

ထို့အပြင် အာရှမှ private equity fund (PE Fund) များဖြစ်သည့် Baring Private Equity Asia, DE Shaw, PAG , Sequoia Capital အစရှိသည့်အဖွဲ့များသည်လည်း ကော်နာစတုန်းရင်းနှီးမြှုပ်နှံသူများအဖြစ် ပါဝင်လေ့ရှိသည်။ ၎င်းတို့ချဉ်းကပ်ပုံမှာ တစ်မူထူးခြားပြီး ကုမ္ပဏီစီမံခန့်ခွဲမှုများတွင် ပါဝင်ခြင်း၊ စီမံခန့်ခွဲမှုစရိတ်များ တောင်းခံခြင်း၊ စတော့ဈေးကွက်မှတစ်ဆင့် အချိန်တန်လျှင် ပြန်လည်ထွက်ခွာခြင်း စသည်တို့ကို ငွေကြေးလက်ခံမည့်ကုမ္ပဏီက သဘောတူ လက်ခံရသည်။

### aumfepwkef&if;ESD;jrKyfESHolrsm; t uscaus;Zl;rsm;

အိုင်ပီအို လုပ်ငန်းစဉ်တွင် ကော်နာစတုန်းတို့၏အရေးပါပုံမှာ သိသာထင်ရှားသည်။ ဝေဖန်သူများ၏ အဆိုအရ ကော်နာစတုန်းများ ကုမ္ပဏီတစ်ခုတွင် ပါဝင်မှုသည် အများအတွက် အချက်ပြစနစ်တစ်ခု ဖြစ်သလို အခြားသောရင်းနှီးမြှုပ်နှံသူများအပေါ် ဩဇာသက်ရောက်စေသည်ဟုဆိုသည်။ အထူးသဖြင့် တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီတစ်ခု၏ အလားအလာညွှန်းတမ်းကို လေ့လာဆန်းစစ်နိုင်မှု အားနည်းကာ ဆုံးဖြတ်ချက်ချရန် ခက်ခဲသော်လည်း ကော်နာစတုန်းများ ဝယ်ယူသည့်သတင်းက ၎င်းတို့ပါဝင်ရန် ဆွဲအား တစ်ခုဖြစ်ပေါ်စေသည်။ လေ့လာချက်များအရ ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူများစာရင်းတွင် တစ်ဦးချင်း အိမ်ထောင်စုများ ပါဝင်လာမည်ဆိုပါက ဈေးကွက်အတွင်း ကုမ္ပဏီ၏ ပုံရိပ်ကို ပိုမိုမြင့် တက်စေခြင်း၊ ဈေးကွက်အတွင်း ဝယ်လိုအားကို ပို မိုအားကောင်းလာစေခြင်း၊ မျှတသည့် ရှယ်ယာဈေးနှုန်းကိုဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

အမှန်စင်စစ် အီကွစ်တီ ဈေးကွက်အားနည်းသည့် နိုင်ငံများတွင် ကော်နာစတုန်းများ၏ရင်းနှီးမြှုပ်နှံမှုသည် တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများသို့ ဆွဲဆောင်သည့် မက်လုံးဖြစ်သလို အိုင်ပီအို အောင်မြင်ရေးအတွက်လည်း အရေးပါသည့် လုပ်ရပ်တစ်ခုဖြစ်သည်။ အပြန်အလှန်အားဖြင့် ကုမ္ပဏီတစ်ခု အိုင်ပီအို မသွားမီ ကော်နာစတုန်း ရင်းနှီးမြှုပ်နှံသူများသို့ ဆွဲဆောင်မှုမရှိခြင်းသည် အိုင်ပီအိုခရီးစဉ် ရှေ့ဆက်သွားနိုင်ရေးအတွက် အတားအဆီးတစ်ခုဖြစ်သည်။ သို့အတွက် စတော့ရောင်းချရေးကိုတာဝန်ယူကြသည့် ရင်းနှီးမြှုပ်နှံမှုဘဏ် (သို့) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေနှင့် ကုမ္ပဏီရှယ်ယာများ အောင်မြင်စွာရောင်းထွက်ရေးအတွက် အလားအလာကောင်းသည့် ကော်နာ စတုန်း ရင်းနှီးမြှုပ်နှံသူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်နိုင်သည့် အရည်အချင်းရှိရန် လိုအပ်သည်။

**Ref: Investment Guide Book**

**အာရှမှ ကော်နာစတုန်းရင်းနှီးမြှုပ်နှံသူများသည် ကုမ္ပဏီများ IPO ပြုလုပ်ရာတွင် deal တစ်ခုချင်းအလိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဆောင်ရွက်လေ့ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရများ၏ ရန်ပုံငွေများ၊ အစိုးရနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများမှ အစုလိုက်ပါဝင်ရင်းနှီးကြသည်ကို တွေ့မြင်ရသည်။**

# တနင်္သာရီတိုင်းဒေသကြီး၏ အမှိုက်မှ ရွှေဖြစ်နေသည့် ရော်ဘာသစ် (Rubber Wood) အချောထည်လုပ်ငန်း





**စိုးပြုံ (ထားဝယ်)**

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်ဆုံးအပိုင်းတွင် တည်ရှိပြီး တောင်တန်း၊ တောင်စွယ်များ ပေါများသော ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၀၀ တွင် တည်ရှိပြီး ပူအိုက်စွတ်စိုသော ရာသီဥတုရရှိသဖြင့် စီးပွားဖြစ် တွက်ခြေကိုက်သော နှစ်ရှည်ပင်များ စိုက်ပျိုးအောင်မြင်ရာ ဒေသတစ်ခုဖြစ်သည်။

အဆိုပါ နှစ်ရှည်ပင်များအနက် ရော်ဘာပင်စိုက်ပျိုးခြင်းလုပ်ငန်းကို ၁၉၀၅ ခုနှစ်ခန့်မှစတင်၍ စီးပွားဖြစ် စိုက်ပျိုးလာကြကာ ၁၉၀၉ ခုနှစ်တွင် ဧက ၉၉၀၀ ကျော်၊ ၁၉၂၀ ပြည့်နှစ်တွင် ဧက ၇၂၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် မလေးရှားနိုင်ငံမှ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို ဒေသတောင်သူ၊ လုပ်ငန်းရှင်များ ပြောင်းလဲစိုက်ပျိုးလာခဲ့ပြီး ယခုအခါ တိုင်းဒေသကြီးတစ်ခုလုံးတွင် စိုက်ဧက ၃၅၁၈၈၃ ဧကရှိကြောင်း သိရသည်။

ရော်ဘာပင်များကို ယခင်က မိရိုးဖလာမျိုးများကို ကျပန်းစိုက်ပျိုးသဖြင့် တစ်ဧက အပင် ၅၀ မှ ၁၀၀ ခန့်သာစိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ အတန်းလိုက် ခေတ်မီနည်းဖြင့် တစ်ဧကလျှင် အပင် ၂၀၀ ခန့် စိုက်ပျိုးသဖြင့် ရော်ဘာအစေးခံလုပ်ငန်းများလည်း လျင်မြန်စွာ လုပ်ကိုင်နိုင်ကြောင်း သိရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ယခင်ဒေသ မျိုးစိုက်ဧက ၇၂၀၀၀ ကျော်ရှိသဖြင့် ယင်းရော်ဘာပင်များသည် အပင်သက်တမ်း အိုလာပြီး ရော်ဘာစေးအထွက်နှုန်းနည်းပါးလာကာ အပင်လုံးပတ်များလည်း ကြီးမားပြီး အပင်များမှာလည်း အတန်းလိုက်မဟုတ်သဖြင့် ရော်ဘာစေးခံယူရာတွင် တွက်ခြေကိုက်မှုနည်း ပါးသည်။ ယင်းရော်ဘာပင်အိုများနေရာတွင် ရော်ဘာပင် မျိုးကောင်းများ အစားထိုးစိုက်ပျိုးရန် လိုအပ်နေရာ ခြံပိုင်ရှင်များအနေဖြင့် ရောင်းချရန် ခက်ခဲခြင်း၊ ထိုက်သင့်သော ဈေးနှုန်း မရခြင်း၊ ပြန်လည် စိုက်ပျိုးရန်ခက်ခဲခြင်းများကို ကြုံတွေ့လျက်ရှိရာ အဆိုပါ လိုအပ်ချက်များအား ဖြည့်ဆည်းရန် ဒေသခံလုပ်ငန်းရှင် များမှ ၂၀၁၅ ခုနှစ်ခန့်မှစတင်၍ ကုမ္ပဏီများစုဖွဲ့ကာ ရော်ဘာသစ်နှင့် အချောထည် ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တရားဝင် ခွင့်ပြုချက်ဖြင့် နိုင်ငံတကာအဆင့်မီ ရော်ဘာသစ်အချောထည်စက်ရုံအား တည်ဆောက် ပြီး ဂျာမနီ၊ ဗီယက်နမ်၊ ဥရောပနိုင်ငံများမှ ထုတ်လုပ်သည့် ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် တပ်ဆင်အသုံးပြု ဆောင်ရွက်လျက်ရှိသည်။

> **နိုင်ငံတကာအဆင့်မီ နည်းစနစ်များဖြင့် ရော်ဘာသစ်နှင့် အချောထည်များကို ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။**

အဆိုပါစက်ရုံများမှ အဓိကကုန်ကြမ်းဖြစ်သည့် သက်တမ်းရင့်လွန်နေပြီး အစေးမထွက်သည့် ရော်ဘာပင်အိုဟောင်းများကို ဒေသပေါက်ဈေးနှုန်းဖြင့် ဝယ်ယူပြီး စက်ရုံသို့ မော်တော်ယာဉ်များဖြင့် သယ်ယူကာ လိုအပ်သော အလျား၊ အနံ၊ ထု တို့ကို ဖြတ်တောက် ခွဲစိတ်ရသည်။ ယင်းဖြတ်တောက်ထားသော ရော်ဘာပင်များကို နိုင်ငံတကာတွင် လက်ရှိအသုံးပြုနေသည့် နောက်ဆုံးပေါ်နည်းပညာဖြစ်သော ရော်ဘာသစ်သား ဆေးစိမ်ခြင်း၊ သတ်မှတ်နာရီအတိုင်း ဆေးစိမ်ထားပြီးသည့် ရော်ဘာသစ်များအား လျှပ်စစ်ဖြင့် အပူပေးခြင်းတို့ကို ဆောင်ရွက်ရသည်။ ရရှိလာသော အပြစ်အနာကင်းသည့် ရော်ဘာသစ်များအား ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရေကြောင်းခရီးလမ်းဖြင့်တင်ပို့၍ နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

သို့ဖြစ်၍ သက်တမ်းလွန် ရော်ဘာပင်အိုများနှင့် အစေးထွက်နှုန်းနည်းသည့် အပင်များကို ခြံပိုင်ရှင် တောင်သူများထံမှ ဝယ်ယူ၍ နိုင်ငံတကာအဆင့်မီနည်းစနစ်များဖြင့် ရော်ဘာသစ်နှင့် အချောထည်များကို ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ရော်ဘာပင်အိုများသည် ယခင်က ဒေသ တွင်းထင်းအဖြစ်သာ အသုံးပြုနိုင်ခဲ့ခြင်း၊ ရောင်းချရန်ခက်ခဲခြင်းများရှိခဲ့ရာမှ ထိုက်သင့်သော ဈေးနှုန်းတစ်ခုဖြင့် ရော်ဘာပင်အိုများ ဝယ်ယူပေးလျက်ရှိပြီး အဆိုပါနေရာ၌ အထွက်နှုန်းကောင်း၊ မျိုးကောင်းသော ရော်ဘာပင်များ ပြန်လည်စိုက်ပျိုးရန် အခမဲ့ဖြန့်ဖြူးပေးခြင်း၊ ဒေသတွင်း ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်ခြင်း အခြားသစ်မာများအစား ရော်ဘာသစ်ကို အစားထိုး အသုံးပြုနိုင်စေခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေသည်။ ထို့ပြင် ရော်ဘာသစ်အခြေပြု MSME လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အထွက်နှုန်းကောင်း ရော်ဘာများ ပြောင်းလဲစိုက်ပျိုးနိုင်သည့်အတွက် ပြည်တွင်းတွင် ရော်ဘာ Value Added လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပဈေးကွက်လည်း ပိုမိုရရှိမည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီး၏ အမှိုက်မှ ရွှေဖြစ်နေသည့်(Rubber Wood) ရော်ဘာသစ်အချောထည် လုပ်ငန်းအား အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၇၃၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၆၂၉၀၀၀သို့လည်းကောင်း၊ ပဲစင်းငုံတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၄၁၆၂၀၀၀ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၆၂၃၀၀၀ သို့လည်းကောင်း ပဲလွမ်းဖြူ တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၉၆၀၉၀၀ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၆၂၀၇၀၀ သို့လည်းကောင်း အသီးသီးဈေးကျဆင်းသွားပြီး ပဲတီစိမ်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် တစ်တန်လျှင် ကျပ် ၂၆၆၃၉၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၁၇၅၂၀၀ သို့လည်းကောင်း ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံ နှင့် မတ်ပဲအား စီးပွားဖြစ် ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် တို့၏ အောက်တိုဘာလ ၃၀ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**


၃၀.၁၀.၂၀၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်


| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွမ်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄ ( အောက်တိုဘာလ) | ၃၇၃၀၀၀၀ | ၄၁၆၂၀၀၀ | ၂၆၆၃၉၀၀ | ၂၉၆၀၉၀၀ |
| ၂ | ၂၀၂၅ (အောက်တိုဘာလ) | ၂၆၂၉၀၀၀ | ၂၆၂၃၀၀၀ | ၃၁၇၅၂၀၀ | ၂၆၂၀၇၀၀ |


ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ အောက်တိုဘာလ ၃၀ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။




ရုပ်ပျို
တိုင်းရင်းဆေး
အများပြည်သူ ကျန်းမာရေး ရုပ်ပျိုတိုင်းရင်းဆေး
HERBAL-9
SLIM HERB
Facebook : YokePyo Pharmaceuticals
Email : marketing@yokepyo.com
Website : www.yokepyo.com
YOKE PYO
COMPANY LIMITED
09-765022093/ 09-765122093


FUDO
BAKERY
TRK Group Co.,Ltd's
FUDO
Bakery
Cheese bread
Fudo Bakery
Rusk
Baked with love


THIT SAR WADDY
Your best grains...
Thit Sar Waddy Co.,Ltd is a widely diversified leading company in Myanmar.
We are one of the prominent and fast growing companies,focusing on international export import,manufacturing and distribution of products for Agricultural ,Aquaculture and Livestock sector.
MA KYII TAN STREET, NO.277/278,
(6) QUARTER/ KHAYAN, YANGON REGION, MYANMAR
Email Adress : yehtwe.kyn@gmail.com
Ph : 09 777 444 707


BOWLING
Experience the fun at Rock & Bowl
where every moment is a striking success!
ROCK & BOWL
Contact Info
09 6777 888 93
Taw Win Road, 9 Mile,
Mayangone Township,
Yangon.
(Royal Sportainment Complex 1st Floor)


ပြည့်သားကောင်း
သားရေထုတ်လုပ်မှုကုမ္ပဏီလီမိတက်
ဦးကျင်စု (မန်နေဂျင်းဒါရိုက်တာ)
အမှတ် (၂၂/၂၃) ရွှေရင်အေးကျောင်းလမ်း၊ မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အိမ် - တိုက်(၄)အခန်း(၁၀၅) အရှေ့အောင်မြေသာစည်အိမ်ရာ ကမာရွတ် (၁) ရပ်ကွက်
၀၉ ၅၁၉၈၄၅၀
+၁(၆၆၉) ၂၆၄၀၅၉၀
+၁(၆၆၉) ၂၀၈၈၈၇၈
၀၉၇၆၇၅၂၀၈၀၆

# Paing Family International Co., Ltd

**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**



No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887

## Dewi Nan Co., Ltd.



ဒေဝီနန်း ကုမ္ပဏီလီမိတက်မှ အဆင့်မြင့် တန်းမြင့်ဆန်များအား ကြိတ်ခွဲပြီး
ပြည်တွင်း/ပြည်ပသို့ တင်ပို့ ရောင်းချပေးလျက်ရှိပါသည်....

+959 789 383 394, +959 421 021 070 info@dewinan.com
No (17), Tapin Shwe Htee Street, Ward (10), East Dagon.


PYEI PHYO AUNG CO., LTD.
Office : No. 74, Wadan St, Lanmadaw Township, Yangon, Myanmar.
Phone No. : +95 1 8228584, 8211124, 8223097, 2316119, 2316260
Fax No. : +95 1 8211821
E-mail : ppaoffice@gmail.com.
Website : www.ppagroups.com


AYE CHAN WIN CO., LTD.
SHWE NGAR PROCESSING AND COLD STORAGE PLANT
Product Item : All Kind of Fresh and Sea Water Fish
No. (85), Hlay Thinn Ah Twin Wun U Chain Road Industrial Zone (2).
Haling Thar Yar Twonship, Yangon.
Tel: 09-799 799 772, 09-43 51 8888, 09-783 505 543, 09-518293
E-mail: ayechanwincoltd2611@gmail.com

COMMERCE
INTERNATIONAL

# တရုတ်နှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဧရိယာ လက်မှတ်ရေးထိုး

တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဧရိယာ 3.0 အဆင့်မြှင့် ဗားရှင်းကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အောက်တိုဘာ ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။




တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဧရိယာ 3.0 အဆင့်မြှင့်ဗားရှင်းတွင် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင် စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်များ အပြန်အလှန် ချိတ်ဆက်ခြင်း၊ စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ စည်းမျဉ်းနှင့် အရည်အချင်းပြည့်မီမှု အကဲဖြတ်ခြင်း စသည့် လုပ်ထုံးလုပ်နည်းများ၊ ကျန်းမာရေးနှင့် အပင်များ ကျန်းမာရေး အစီအမံများ၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ ပြိုင်ဆိုင်မှုနှင့် စားသုံးသူ ကာကွယ်ရေး၊ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးကဏ္ဍတွင် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့ အပါအဝင် စုစုပေါင်း ကဏ္ဍကိုးခု ပါဝင်ကြောင်း သိရသည်။

ထိုသို့ တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဧရိယာ 3.0 အဆင့်မြှင့်ဗားရှင်း လက်မှတ်ရေးထိုးပြီးနောက် သက်ဆိုင်ရာနိုင်ငံများအတွင်း ခွင့်ပြုချက် လုပ်ထုံးလုပ်နည်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းအစီအစဉ်များ ဆောလျင်စွာ အသက်ဝင် ဖော်ဆောင်နိုင်ရေးကို တွန်းအားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၏ ရေးသားဖော်ပြချက်အရ သိရသည်။

တရုတ်နိုင်ငံနှင့် အာဆီယံတို့သည် လွန်ခဲ့သည့် ၂၀၀၂ ခုနှစ်ကပင် လွတ်လပ်သော ကုန်သွယ်ရေးဧရိယာကို စတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်သော ကုန်သွယ်ရေးဧရိယာ 1.0 ဗားရှင်းကို တည်ထောင်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၅ ခုနှစ်တွင် 2.0 အဆင့်မြှင့် ဗားရှင်းနှင့် ၂၀၂၅ ခုနှစ် မေလတွင် 3.0 ဗားရှင်းကို စတင် စေ့စပ်ညှိနှိုင်းခဲ့ရာ ယခုအချိန်တွင် အလုံးစုံ ပြီးမြောက်ကာ လက်မှတ် ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

**Source; Xinhua**

## ဗီယက်နမ်၊ မလေးရှားနှင့် စင်ကာပူတို့ကို ချိတ်ဆက်မည့် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေ

အရှေ့တောင်အာရှမှ စီးပွားရေး ဖွံ့ဖြိုးသော နိုင်ငံများ ဖြစ်သည့် ဗီယက်နမ်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ကို ချိတ်ဆက်ပေးသည့် ကမ်းလွန် လေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မဂ္ဂါဝပ် ၂၀၀၀ အထိရှိသည့် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းမှာ လာမည့် ၂၀၃၄ ခုနှစ်တွင် ပထမအဆင့်ပြီးစီးရန် မျှော်လင့်ထားကြောင်း မလေးရှားနိုင်ငံ စွမ်းအင်ဝန်ကြီးက ပြောကြားခဲ့သည်ကို ကိုးကားပြီး ဗန်ကောက်ပို့စ် သတင်းဌာနက အောက်တိုဘာ ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

စုစုပေါင်းထုတ်လွှတ်မည့် မဂ္ဂါဝပ် ၂၀၀၀ ထဲမှ မဂ္ဂါဝပ် ၇၀၀ ကို မလေးရှားနိုင်ငံပြည်တွင်း၌ အသုံးပြုရန် လျာထားကြောင်းနှင့် ကျန်သည့် မဂ္ဂါဝပ် ၁၃၀၀ ကို စင်ကာပူနှင့် ဗီယက်နမ်တို့က ခွဲဝေယူကြမည်ဟုဆိုသည်။

ယင်းစီမံကိန်း၏ ဒုတိယအဆင့်တွင် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့မှတစ်ဆင့် ကုန်းလမ်းကြောင်းအတိုင်း ဗီယက်နမ်နိုင်ငံမှ မလေးရှားကျွန်းဆွယ်အထိ မြောက်ဘက်သို့ သွယ်တန်းဖော်ဆောင်မည့် ဓာတ်အားလိုင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**Source;Bangkok Post**





## တရုတ်တွင် အဲဘတ်စ်လေယာဉ်ကုမ္ပဏီ လုပ်ငန်းစတင်

ကမ္ဘာကျော် အဲဘတ်စ်ကုမ္ပဏီသည် တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ထျန်းကျင်းတွင် ၎င်းတို့၏ အပြီးသတ် တပ်ဆင်ရေးလိုင်းသစ် (Final Assembly Line-FAL)ကို စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အဲဘတ်စ်ကုမ္ပဏီ၏ ထျန်းကျင်းရှိ စက်ရုံမှာ တရုတ်နိုင်ငံနှင့် အာရှတွင် ဒုတိယမြောက် စက်ရုံဖြစ်သည့် A320 အုပ်စုဝင် အဲဘတ်စ်လေယာဉ်အတွက် နောက်ဆုံးပေါ် အပြီးသတ် တပ်ဆင်ရေးလိုင်းအသစ်(FAL)ကို စတင်တပ်ဆင်သည့် ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က အောက်တိုဘာ ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

ယင်းစက်ရုံသစ်သည် A320 အုပ်စုဝင် လေယာဉ်များ၏ နောက်ဆုံး အပြီးသတ် တပ်ဆင်ခြင်း လုပ်ဆောင်နိုင်စွမ်းကို နှစ်ဆ ဖြစ်လာစေမည်ဖြစ်ကြောင်းနှင့် တိုးတက်လျက်ရှိသည့် အရပ်ဘက် လေကြောင်းလိုင်းဈေးကွက်၊ ခံနိုင်ရည်ရှိသည့် ထောက်ပံ့ရေးကွင်းဆက်နှင့် ကောင်းမွန်သော စီးပွားရေးဝန်းကျင် အခြေအနေအပေါ် အဲဘတ်စ်ကုမ္ပဏီ၏ ယုံကြည်မှုကို သရုပ်ဖော်ပြနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ အပြီးသတ် တပ်ဆင်ရေးလိုင်းသစ်(Final Assembly Line-FAL) မှတစ်ဆင့် A320 လေယာဉ်များ၏ လေယာဉ်ကိုယ်ထည် အပိုင်းများ၊ တောင်ပံအစိတ်အပိုင်းကြီးများ တပ်ဆင်မည် ဖြစ်ကြောင်းနှင့် ဆေးမှုတ်ခြင်း၊ စမ်းသပ်ခြင်းနှင့် ဝယ်ယူသူများထံ ပေးပို့ခြင်း စသည့် လုပ်ငန်းများကို အဆင့်ဆင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဲဘတ်စ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Guillaume Faury က ပြောခဲ့သည်။ ယခုစက်ရုံမှ ၂၀၂၇ ခုနှစ်တွင် တစ်လလျှင် A320 အုပ်စုဝင် လေယာဉ် ၇၅ စင်း ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

လက်ရှိအချိန်ထိ အဲဘတ်စ်လေယာဉ် ထုတ်လုပ်ရေးကွန်ရက်သည် အပြီးသတ် တပ်ဆင်ရေးလိုင်းသစ်(Final Assembly Line-FAL) ၁၀ ခုအထိ ရှိလာခဲ့ပြီး ဂျာမနီနိုင်ငံတွင် လေးခု၊ ပြင်သစ်နိုင်ငံတွင် နှစ်ခု၊ အမေရိကန်ပြည်ထောင်စုတွင် နှစ်ခုနှင့် တရုတ်နိုင်ငံတွင် နှစ်ခု ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ **Source;Xinhua**